In the wake of media reports on the role of Investcom Myanmar and Shwe Byain Phyu in the after-sale of Telenor Myanmar, campaign groups and strike committees in Myanmar have urged the company to either stop the sale or refuse the handover of user data to military-linked companies.

On Tuesday, more than 600 civil society organisations sent an open letter to the group's chief executive officer and president Sigve Brekke to oppose the sale plan. The letter was also addressed to the Norwegian prime minister and parliament as well as to Telenor Group's investors.

Since Myanmar's coup, the military regime has ordered internet shutdowns and the blockage of social media platforms and imposed various legal measures to control opposition voices, a course of action which the civil society organisations behind the letter referred to as a "digital coup."

"If the sale is completed, Telenor would violate not only the trust of its users, but also business and human rights guidelines and international human rights laws," the letter said.

The Myanmar public widely boycotted local telecoms operator Mytel following the coup due to its direct link to the military, with Telenor frequently touted as one of the better alternative providers in the country for those concerned about digital safety and online communications.

The organisations urged the group's president to reconsider the decision to sell "to avoid further reputational damage to the company and to prevent the loss of respect for Norway due to its connection to shameful human rights violations in Myanmar."

Telenor spokespersons previously told media that selling its operation in Myanmar is "the least disadvantageous solution" amid the conflict between local Myanmar laws and the company's values, international laws, and human rights principles.

A Norwegian civil society network submitted a complaint against Telenor Group's leadership with police on February 11 urging them to probe into whether the company's sale plan of its Myanmar subsidiary is in violation of Norway's laws on "crimes against humanity."

In an interview with Myanmar Now on the same day, Norwegian judge Hanne Sophie Greve warned that in the worst case scenario, Telenor and the Norwegian authorities could be liable for complicity in crimes against humanity if the personal data of millions of Myanmar users were released to the military regime.

She recommended that Telenor either sell to a responsible buyer not connected to the Myanmar military, or, if a responsible buyer cannot be found, close down their network.

In a statement to Reuters on Wednesday, Telenor said either closing the operation and deleting metadata or deleting the metadata before the transfer of its business to the new owner will expose the company's employees to significant dangers.

https://www.myanmar-now.org/en/news/norwegian-industry-minister-says-govt-cant-stop-handover-of-telenor-user-data-to-myanmar

---

## Myanmar National Democratic Alliance Army Founder Dies

By Network Media Group | Thursday, February 17, 2022




Peng Jiasheng, the founder and former chair of Myanmar National Democratic Alliance Army (MNDAA), which is fighting with the Burma Army in northern Shan State, died on Wednesday morning, 16 February, of old age. He was 94 years old.

Peng Jiasheng (also called Pheung Kya-shin) joined the armed struggle against the Ne Win regime in Burma in 1965 and served as an officer in the Kokang People's Revolution Army led by Jimmy Yang. According to ethnic affairs and political analyst Maung Maung Soe, he joined the Communist Party of Burma (CPB) armed group under Kokang Saopha as an officer in 1969 and eventually rose to the rank of commander.

“Peng Jiasheng did many negative and positive things during his lifetime,” Maung Maung Soe wrote on his Facebook page, calling him a “capable person”. “In my opinion, his younger brother Peng Jiafu was better than Peng Jiasheng in military matters. But Peng Jiasheng was better in mobilization and administration.”

In 1989, Peng Jiasheng opposed the CPB and in the same year founded the MNDAA: the first ethnic armed group to publicly denounce CPB. Immediately afterwards, MNDAA signed a ceasefire with the military regime, which allowed Peng Jiasheng to traffic drugs in the Kokang region on the border with China.

The ceasefire collapsed in 2009 and fighting ensued after the junta pressured the MNDAA and the other armed groups to transform into border guard forces under its rule. Peng Jiasheng fled to China.

In 2015, he reassembled the MNDAA and has been fighting the Burma Army intermittently ever since.

https://www.nmg-news.net/2022/02/17/17833

-----------------------------------------------------------------------------------------

## AA ဘာကြောင့် ပြည်ထောင်စုနေ့အခမ်းအနား တက်သနည်း

By ရောဝတီ | 17 February 2022

နေပြည်တော်မှ ဗိုလ်ချုပ်များသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) အနေဖြင့် ၇၅ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်စေလိုပြီး အင်အားကြီးမားသည့် ရန်သူများနှင့် သဘောတူညီချက်ယူရန် အသင့်ရှိကြောင်း ဖော်ပြလိုကြသည်။

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် အဖွဲ့ ၁၀ ဖွဲ့အနက် ၇ ဖွဲ့နှင့် လက်မှတ်ရေးထိုး မထားသည့် အဖွဲ့ ၄ ဖွဲ့တို့သည် လွတ်လပ်ရေးခေတ်မတိုင်မီ အစိုးရနှင့် တိုင်းရင်းသား လူနည်းစုများအကြား ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်ချုပ်ဆိုသည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

### ပြည်ထောင်စုနေ့ အခမ်းအနားသို့ အင်အားနည်းသည် EAOs အနည်းငယ်ကသာ ခေါင်းဆောင်များကို ထိုအခမ်းအနားသို့ စေလွှတ်ကိုယ်စားပြုပြီး အများစုက အဆင့်မမြင့်သည့် ကိုယ်စားလှယ်များကိုသာ စေလွှတ်ခဲ့သည်

လွန်ခဲ့သော ရက်သတ္တပတ်ကုန်တွင်မူ ပြည်ထောင်စုနေ့ အခမ်းအနားသို့ အင်အားနည်းသည့် EAOs အနည်းငယ်ကသာ ခေါင်းဆောင်များကို ထိုအခမ်းအနားသို့ စေလွှတ်ကိုယ်စားပြုပြီး အများစုက အဆင့်မြင့်ကိုယ်စားလှယ် မဟုတ်သူများကိုသာ စေလွှတ်ခဲ့သည်။

NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များဖြစ်သော ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့က ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များတက်ရောက်စေကြသည်။ ရခိုင်လွတ်မြောက်ရေးပါတီ (ALP) က ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်း တက်ပြီး ကရင်အမျိုးသား အစည်းအရုံး (KNU) မှ ဒူးပလာယာ ခရိုင်ဥက္ကဋ္ဌဟောင်း ပဒို စောရွှေမောင်တို့ တက်ရောက်သည်။ KNU က ၎င်းသည် အဖွဲ့အစည်းကို ကိုယ်စားမပြုဟု ငြင်းဆိုသည်။

လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ ကရင်အမျိုးသားစည်းအရုံး / ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီတို့လည်း ထိုအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

NCA လက်မှတ်မထိုးဘဲ တက်ရောက်သည့် အဖွဲ့အစည်းများတွင် ဆက်ဆံရေး အရာရှိများကို စေလွှတ်သည့် 'ဝ' ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA)၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (NDAA)၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တဦးကို ကိုယ်စားပြုတက်ရောက်စေသည့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် ရက္ခိုင့်တပ်တော် (AA) အကြီးအကဲ ထွန်းမြတ်နိုင်၏ညီ ဦးအောင်မြတ်ကျော် ကိုယ်စားပြုတက်ရောက်စေသည့် AA နှင့် ရခိုင်အမျိုးသားဖွဲ့ချုပ် (ULA) မှ ဝါရင့်နိုင်ငံရေးသမား ဦးဦးလှစောတို့ ပါဝင်သည်။



ပြည်ထောင်စုနေ့ အခမ်းအနားတက်ရောက်သည့် AA ကိုယ်စားပြု ဦးဦးလှစော (ယာစွန်)

စစ်ကောင်စီသည် AA ကိုယ်စားလှယ်များ တက်ရောက်စေရန် စိတ်အားထက်သန်ပြီး AA နှင့် ရခိုင်နိုင်ငံရေးသမားများကို အကြိမ်ကြိမ် ချဉ်းကပ်ခဲ့ကြောင်း လေ့လာသူများက ပြောသည်။

တုံ့ပြန်သည့်အနေဖြင့် AA ခေါင်းဆောင်များကလည်း ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ဖမ်းဆီးခံထားရသည့် ၎င်းတို့ အဖွဲ့ဝင်များကို လွှတ်ပေးရန် တောင်းဆိုသည်။

ပြည်ထောင်စုနေ့အခမ်းအနားတွင် AA ကို လိုအပ်နေသော စစ်ကောင်စီကလည်း ထိုအချက်ကို သဘောတူရသည်။

၂၀၂၀ ပြည့်နှစ်မတိုင်မီအထိ စစ်အုပ်စုသည် AA ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားပြီး ရခိုင်မြောက်ပိုင်းတွင် AA ကို အကြီးအကျယ်တိုက်ခိုက်သည်။

**နောက်ဆုံးတွင် သဘောတူညီချက်ရသည်။ AA က ကိုယ်စားလှယ်စေလွှတ်ရန် သဘောတူပြီး စစ်ကောင်စီက ထိုကိုယ်စားလှယ်သည် အဆင့်မြင့်ကိုယ်စားလှယ်ဖြစ်ရမည်ဟု တောင်းဆိုသည်**

နောက်ဆုံးတွင် သဘောတူညီချက်ရသည်။ AA က ကိုယ်စားလှယ်စေလွှတ်ရန် သဘောတူပြီး စစ်ကောင်စီက ထိုကိုယ်စားလှယ်သည် အဆင့်မြင့်ကိုယ်စားလှယ်ဖြစ်ရမည်ဟု တောင်းဆိုသည်။

AA က နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် လွန်ခဲ့သောနှစ် အာဏာသိမ်းမှုအပြီးတွင် နိုင်ငံရေး ကိုယ်စားလှယ် ဖြစ်လာသူ ဦးဦးလှစောနှင့် ဦးအောင်မြတ်ကျော်တို့ကို စေလွှတ်ပေးသည်။

စစ်ကောင်စီက ၎င်းတို့၏ ဧည့်သည်တော်များကို ရခိုင်ပြည်နယ်မှ နေပြည်တော်သို့ လေယာဉ်ဖြင့် ပို့ဆောင်ပေးသည်။

**"ကျနော်တို့က ကျနော်တို့ပြည်သူတွေရဲ့ အကျိုးစီးပွားကို အမြဲတမ်းအလေးထားတယ်။ ဒါကြောင့် ပြည်သူတွေ လိုအပ်ချက်နဲ့ ပတ်သက်တဲ့ လက်တွေ့ကျတဲ့နည်းလမ်းကို ကျင့်သုံးတယ်"**

၎င်းတို့အဖွဲ့ ထိုအခမ်းအနားသို့ တက်ရောက်ရခြင်း အကြောင်းရင်းနှင့် ပတ်သက်ပြီး AA ပြောခွင့်ရသူ ခိုင်သုခက ရှင်းလင်းသည်။ "ကျနော်တို့က ကျနော်တို့ပြည်သူတွေရဲ့ အကျိုးစီးပွားကို အမြဲတမ်းအလေးထားတယ်။ ဒါကြောင့် ပြည်သူတွေ လိုအပ်ချက်နဲ့ ပတ်သက်တဲ့ လက်တွေ့ကျတဲ့နည်းလမ်းကို ကျင့်သုံးတယ်" ဟု ပြောသည်။

ပြည်ထောင်စုနေ့ရောက်သောအခါ အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အကျဉ်းသား ၈၁၄ ဦးကို နေ့ကြီးရက်ကြီးများတွင် လုပ်နေကျ ထုံးစံအတိုင်း လွှတ်ပေးသည်။ AA အဖွဲ့ဝင် အကျဉ်းသား ၆၄ ဦး လွတ်လာသည်။

AA သတင်းရင်းမြစ်များ၏ အဆိုအရ ထင်ရှားသော နိုင်ငံရေးသမားများနှင့် တပ်မှူးအများအပြားသည် အကျဉ်းထောင်များတွင် ကျန်ရှိနေဆဲ ဖြစ်ကြောင်း သိရသည်။ AA ကလည်း ရခိုင်ပြည်နယ်တွင် စစ်အရာရှိများနှင့် အခြားအဆင့်များ အပါအဝင် စစ်သုံ့ပန်း အများအပြား ဖမ်းမိထားသည်။

နိုင်ငံတွင် လွန်ခဲ့သောနှစ် အာဏာသိမ်းမှုနောက်ပိုင်း လူထုကန့်ကွက်ပွဲများကို နှိမ်နင်းပြီး အရပ်သား ၁၅၀၀ ကို သတ်ဖြတ်ထားသော စစ်ကောင်စီသည် နိုင်ငံတဝှမ်းမှ ပြည်သူ့ ကာကွယ်ရေးတပ်များ (PDFs) များ၏ ခြိမ်းခြောက်မှုသစ်ကိုလည်း ရင်ဆိုင်နေရသည်။

တပြိုင်နက်တည်းတွင် အပစ်ရပ်ထားသော်လည်း အပစ်မရပ်မီ ကြည်း-ရေ-လေ စုပေါင်းတိုက်သော်လည်း အနိုင်မရဘဲ အထိနာသွားခဲ့ရသော မြန်မာစစ်တပ်အတွက် AA သည် မြန်မာနိုင်ငံ အနောက်ဘက်ခြမ်း ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အမှန်တကယ် ခြိမ်းခြောက်မှု ဖြစ်နေသည်။

ရခိုင်အမျိုးသားအဖွဲ့ချုပ် (ULA) သည် AA ၏ နိုင်ငံရေးအဖွဲ့အစည်းဖြစ်ပြီး တရားစီရင်ရေးစနစ်သစ်၊ အခွန်ဌာနသစ်၊ ပြည်သူ့လုံခြုံရေးဌာနသစ်များနှင့် အခြား အစိုးရဌာနများနှင့် သီးခြားအစိုးရကို ထူထောင်နေသည်။

AA ကို ၂၀၀၉ ခုနှစ်တွင် သေးငယ်သော ခုခံရေးအင်အားစု ပုံစံဖြင့် စတင်ခဲ့သော်လည်း ယခုအခါ မြန်မာနိုင်ငံတွင် အင်အား အကြီးမားဆုံး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနက် တခုဖြစ်လာခဲ့သည်။

လွန်ခဲ့သောနှစ် အာဏာသိမ်းမှုအပြီးတွင် မြန်မာနိုင်ငံတနိုင်ငံလုံး၌ အကြမ်းဖက်မှုများဖြစ်သောအခါ ရခိုင်ပြည်နယ်တွင် ထိုသို့ဖြစ်ပွားခြင်းမရှိပေ။ ULA စင်ပြိုင်အစိုးရသည် ရခိုင်ပြည်နယ်ကို၊ အထူးသဖြင့် ပြည်နယ် မြောက်ပိုင်းကို အမည်မခံဘဲ ထိန်းချုပ်ထားသည်။

နိုင်ငံတဝန်း စစ်အာဏာသိမ်းဆန့်ကျင်ရေး ဆန္ဒပြပွဲများနှင့် အာဏာဖီဆန်ရေး လှုပ်ရှားမှုတို့အား ထောက်ခံခဲ့ခြင်း မရှိဘဲ AA စစ်ဦးစီးချုပ် ဗိုလ်ချုပ် ထွန်းမြတ်နိုင်က ရခိုင်ပြည်သူများ အမျိုးသားရေး လက္ခဏာများ ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် အချုပ်အခြာအာဏာ ပြန်လည်ရယူရန် အဆင့်လိုက် နည်းလမ်းကို အသုံးပြုနေကြောင်း ပြောသည်။

စစ်ကောင်စီသည် လက်နက်ကိုင် ပုန်ကန်မှုသစ်များကို ရင်ဆိုင်နေရသောကြောင့် AA ကို တိုက်ခိုက်နိုင်ခြင်း မရှိတော့ပေ။

ရခိုင်ပြည်နယ်တောင်ပိုင်းတွင် စစ်ကောင်စီတပ်များက ထိန်းချုပ်ထားဆဲဖြစ်သော်လည်း မြောက်ပိုင်းကို ထိန်းချုပ်နိုင်ခြင်း မရှိတော့ပေ။

ထောင်ချီသည့် ရဲ၊ နယ်ခြားစောင့်တပ်များနှင့် ရေတပ်သား ၃ ထောင်အပြင် စစ်ကောင်စီခြေလျင်တပ် ၁၂,၀၀၀ သည် ရခိုင်ပြည်နယ်တွင် ရှိနေသေးသည်။

စစ်ကောင်စီသည် AA ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန် စိတ်အားထက်သန်နေပြီး စစ်ကောင်စီတပ်များကို တိုက်ခိုက်ရာတွင် AA နှင့် PDF များ ပူးပေါင်းမည်ကို မလိုလားပေ။

AA သည် ရခိုင်ပြည်နယ်မှ PDF များကို စစ်သင်တန်းပို့ချနေကြောင်း သတင်းများက ဆိုသည်။

AA သည် ကစားပွဲကို ရေရှည်ကစားပြီး စစ်ကောင်စီ၏ ပြည်ထောင်စုနေ့ အခမ်းအနားကိုလည်း လက်တွေ့ကျသော အကြောင်းများကြောင့် တက်ရောက်ခြင်းသာဖြစ်သည်။

ပြည်ထောင်စုနေ့မတိုင်မီ ရက်အနည်းငယ်ကပင် တိုက်ပွဲများဖြစ်ပြီး စစ်ကောင်စီသည် ရခိုင်ပြည်နယ်၊ မောင်တောတွင် အကြီးအကျယ် ထိခိုက်သေဆုံးရသော်လည်း ထိုအပစ်အခတ်ရပ်စဲရေးသည် ဆက်လက်တည်မြဲနေသေးပုံ ရသည်။

https://burma.irrawaddy.com/article/2022/02/17/249981.html

------------------------------------------------------------------------------------------------

## စွပ်စွဲခံရမှုအတွက် အပြစ်မရှိကြောင်း ထောင်တွင်းတရားရုံးမှာ ဦးမြအေး ထုချေ

2022.02.17




၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ဦးမြအေးကို ၂၀၁၈ ဩဂုတ် ၆ ရက်နေ့က တွေ့ရစဥ် Photo: AFP

ရန်ကုန် အင်းစိန်ထောင်တွင်းတရားရုံးမှာ ရာဇသတ်ကြီးဥပဒေပုဒ်မ - ၅၀၅ (ဂ) နဲ့ ဖမ်းဆီးတရားစွဲဆိုခံနေရတဲ့ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ဦးမြအေးက သူ့မှာ အပြစ် မရှိကြောင်း မနေ့က တရားရုံးချိန်းမှာ ကိုယ်တိုင်ခုခံချေပခဲ့တယ်လို့ ဦးမြအေးရဲ့ အကျိုး ဆောင်ရှေ့နေက RFA ကို ဒီနေ့ ပြောပါတယ်။

သူ့အနေနဲ့ စွပ်စွဲခံနေရတဲ့ ပုဒ်မ ၅၀၅ (ဂ) အမှုအတွက် တရားခံပြသက်သေတွေ မတင်ဘဲ ကိုယ်တိုင်ခုခံချေပခဲ့တာလို့ ရှေ့နေ ဒေါ်တဥ္စာဦးက ဆိုပါတယ်။

**“ကိုမြအေးကလည်း အဲဒီမှာပါလာတဲ့ အကြောင်းအရာတွေ အကုန်လုံးကိုလည်း ပြည်သူ လူထုကိုသော်လည်ကောင်း၊ ဆိုရှယ်မီဒီယာမှာသော်လည်းကောင်း တစ်ဦးတစ်ယောက် ကိုမှ လှုံ့ဆော်စည်းရုံးထားတာတွေ တစ်ခုမှ မပါဘူး။ အဲဒါကြောင့်မို့လို့ သူတို့စွပ်စွဲထား တဲ့ ၅၀၅ (ဂ) နဲ့က တိုင်းရင်းသား အချင်းချင်းကိုဖြစ်စေ၊ လူမျိုး အချင်းချင်းကိုဖြစ်စေ၊ လှုံ့ဆော်ထားတယ်လို့ စွဲထားတာကိုး။ အဲဒါ မမြောက်ဘူးဆိုတာကို ကိုမြအေးက ထုချေရှင်းလင်းထားတယ်။ သူတို့ စွပ်စွဲတာတွေကို ကျူးလွန်ခဲ့ခြင်း မရှိဘူးဆိုတာကိုပေါ့”**

ဦးမြအေးဟာ စစ်တပ်က အာဏာသိမ်းတဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် မနက်အစော ပိုင်းကတည်းက မင်္ဂလာတောင်ညွန့်က နေအိမ်မှာ ဖမ်းဆီးခံခဲ့ရတာပါ။

၂၀၁၄ ခုနှစ်တုန်းက တရုတ်နိုင်ငံဘက်ကို ရေးသားပေးပို့တဲ့ အီးမေးလ် တစ်စောင်နဲ့ ပတ်သက်လို့ လူမျိုးအချင်းချင်းကိုဖြစ်စေ၊ လူမျိုးတစ်မျိုးနဲ့ တစ်မျိုးဖြစ်စေ တစ်ဖက်နဲ့ တစ်ဖက် ပြစ်မှုကျူးလွန်အောင် လှုံ့ဆော်ရာရောက်တယ်ဆိုပြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်းမှူး ဒုရဲမှူး ဇော်မင်းသူက ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (ဂ) နဲ့ တရားစွဲဆိုခဲ့တာ ဖြစ်ပါတယ်။

ဦးမြအေးကတော့ အီးမေးလ် ပေးပို့ခဲ့တာမှန်ပေမယ့် တစ်ဦးနဲ့တစ်ဦး အလာပသလာပ ပြောတဲ့ပုံစံမျိုးသာဖြစ်ကြောင်း တရားရုံးမှာ မနေ့က ပြောဆိုခဲ့တယ်လို့ အကျိုးဆောင် ရှေ့နေက ပြောပါတယ်။

ဦးမြအေးအနေနဲ့ တရုတ်နိုင်ငံကို သွားခဲ့တာဟာလည်း မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်ပြီး တရားဝင်သွားခဲ့တာဖြစ်သလို နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးပွဲတွေနဲ့ နှစ်ဖက်သက်သေနေရာတွေမှာ ပါဝင်ခဲ့တယ် ဆိုတာတွေကိုလည်း သက်သေခံစာရွက်နဲ့ တင်ပြခဲ့တယ်လို့ ဆိုပါတယ်။

အမှုအတွက် မနေ့က ထွက်ဆိုချက်ပေးပြီးတာကြောင့် ဒီကနေ့မှာတော့ လက်ရှိခံစားနေ ရတဲ့ နလုံးရောဂါနဲ့ ဆက်စပ်တဲ့ ခြေထောက်ပိုးဝင်ထားတဲ့ အခြေအနေကို ပြင်ပဆေးရုံ တစ်ခုမှာ သွားရောက်ဆေးကုသမှု ခံယူခဲ့ရတယ်လို့ ရှေ့နေက ပြောပါတယ်။

ဦးမြအေး ရင်ဆိုင်နေရတဲ့ ရာဇသတ်ကြီးဥပဒေပုဒ်မ - ၅၀၅(ဂ) ဟာ အမြင့်ဆုံး ထောင်ဒဏ် နှစ်နှစ်အထိ ချမှတ်နိုင်တဲ့ ပုဒ်မတစ်ခုဖြစ်ပါတယ်။

https://www.rfa.org/burmese/news/myaaye-court-02172022035644.html

----------------------------------------------------------------------------------------------------

## ကော်မရှင်ဝန်ထမ်း ၂၄၀ ကျော်ကို NUG အမည်ပျက် စာရင်းသွင်း

2022.02.17



(၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပခဲ့တဲ့ အထွေထွေရွေးကောက်ပွဲ ရလာဒ်ကို ရန်ကုန်တိုင်းက မဲရုံတစ်ရုံမှာ ရေတွက်နေတာကို တွေ့ရစဉ်) Photo-AFP

၂၀၂၀ အထွေထွေရွေးကောက်ပွဲမှာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အာဏာရှင်ဖီဆန်ရေး လူထုလှုပ်ရှားမှုမှာ မပါဝင်ခဲ့တဲ့ ရွေးကောက်ပွဲကော်မရှင်က ဝန်ထမ်း ၂၄၀ ကျော်ကို အမည်ပျက်စာရင်းတင်သွင်းပြီး အလုပ်ကနေ ထုတ်ပယ်လိုက်ပြီလို့ အမျိုးသားညီညွတ်ရေးအစိုးရ NUG က ဖေဖော်ဝါရီလ ၁၇ ရက်နေ့ ဒီနေ့ရက်စွဲနဲ့ သတင်း ထုတ်ပြန်ပါတယ်။

NUG က နိုင်ငံ့ဝန်ထမ်းတွေကို စစ်ကောင်စီလက်အောက်မှာ တာဝန်မထမ်းဆောင်ဘဲ အာဏာရှင်ဖီဆန်ရေး လူထုလှုပ်ရှားမှု CDM မှာပါဝင်ဖို့ အကြိမ်ကြိမ်ကမ်းလှမ်းခဲ့ပေမယ့် စစ်ကောင်စီရဲ့ ဥပဒေမဲ့ လုပ်ဆောင်ချက်တွေကို ကန့်ကွက်တာ၊ ငြင်းပယ်တာမရှိဘဲ ဆက်လက်တာဝန်ထမ်းဆောင်နေတဲ့ ကော်မရှင်ဝန်ထမ်းတွေကို အမည်ပျက်စာရင်း တင်သွင်းလိုက်တာလို့ ပြောပါတယ်။

NUG ရဲ့ အမည်ပျက်စာရင်းတင်သွင်းခံရသူတွေထဲမှာ ဦးရဲရင့်လွင် ညွှန်ကြားရေးမှူးချုပ်၊ ဦးစိုင်းကျော်သူ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးကျော်ကျော်စိုး ညွှန်ကြားရေးမှူး အစရှိတဲ့ ပုဂ္ဂိုလ်တွေပါဝင်ပြီး ရာထူး အဆင့်ဆင့်အနေနဲ့ ညွှန်ကြားရေးမှူးချုပ်ကနေ တိုင်းနဲ့ပြည်နယ်အသီးသီးက ဦးစီးအရာရှိ အဆင့်ထိ ပါဝင်ပါတယ်။
အမျိုးသားညီညွတ်ရေးအစိုးရ ဝန်ကြီးချုပ်ရုံးအနေနဲ့ CDM မှာပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းတွေ လုံခြုံ ဘေးကင်းစေရေးအတွက် ပြီးခဲ့တဲ့ အောက်တိုဘာလက စတင်ပြီး အလေးထားဆောင်ရွက်နေတယ်လို့ ပြောထားပါတယ်။

CDM လှုပ်ရှားမှုမှာပါဝင်တဲ့ ဌာနဆိုင်ရာအသီးသီးက ဝန်ထမ်းတွေကို စစ်ကောင်စီဘက်က ဖမ်းဆီးရမိတဲ့အခါ ထောင်ဒဏ်နှစ်ရှည်ကျခံရနိုင်တဲ့ ပုဒ်မအမျိုးမျိုးတပ်ပြီး ထောင်ချနေတာတွေလည်းရှိပါတယ်။

တနင်္သာရီမြို့နယ်က CDM လှုပ်ရှားမှုမှာပါဝင်ခဲ့တဲ့ စည်ပင်အင်ဂျင်နီယာ ဦးအောင်သက်ဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ည)နဲ့ ထားဝယ်အကျဉ်းထောင်တွင်း တရားရုံးက အခုလ ၃ ရက်နေ့မှာ ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခဲ့ပါတယ်။

https://www.rfa.org/burmese/news/nug-election-commission-blacklist-02172022040743.html

-----------------------------------------------------------------------------------------------

## နေ့စဉ်နှင့်အမျှ မြန်မာစစ်တပ် အကျအဆုံးများလာ

By ဧရာဝတီ | 17 February 2022

စစ်အာဏာသိမ်းပြီးနောက် မြန်မာစစ်တပ်သည် နိုင်ငံတဝန်း၌ အကျယ်ပြန့်ဆုံးသော စစ်ပွဲတခုကို ရင်ဆိုင်နေရလျှက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ (EAOs) တချို့ ဒေသကာကွယ်ရေးတပ်ဖွဲ့များ (PDFs) တို့နှင့် ဖြစ်ပွားသော တိုက်ပွဲများအတွင်းတွင် နေ့စဉ်နှင့်အမျှ အကျအဆုံးများနေသည်။

**အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ထုတ်ပြန်ထားသော စာရင်းအရ ၂၀၂၁ ခုနှစ် ဖွန်လ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ စစ်တပ်ဘက်က သေဆုံးမှု ၇၉၅၁ ဦးနှင့် ဒဏ်ရာရရှိမှု ၂၇၈၆ ဦး အထိရှိကြောင်း သိရသည်။**

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ထုတ်ပြန်ထားသော စာရင်းအရ ၂၀၂၁ ခုနှစ် ဖွန်လ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ စစ်တပ်ဘက်က သေဆုံးမှု ၇၉၅၁ ဦးနှင့် ဒဏ်ရာရရှိမှု ၂၇၈၆ ဦး အထိရှိကြောင်း သိရသည်။

အဆိုပါ အရေအတွက်ကို EAOs၊ PDFs နှင့် သတင်းမီဒီယာများက ဖော်ပြထားသော အချက်အလက်များနှင့် မြေပြင်မှ တိုက်ရိုက်ရရှိထားသော သတင်းအချက်အလက်များကို ဆန်းစစ်ပြီး စာရင်းပြုစုထားခြင်း ဖြစ်ကြောင်း NUG က ဆိုထားသည်။

ထို့အပြင် စစ်တပ်မှ စွန့်ခွာပြီး CDM ပြုလုပ်လာသည့် စစ်သားအရေအတွက်သည်လည်း ၂ ထောင် ကျော်အထိ ရှိလာနေကြောင်း CDM စစ်သားများကို ကူညီပေးနေသည့် ပြည်သူ့စစ်သား အဖွဲ့က ထုတ်ပြန်ထားသည်။

မြန်မာစစ်တပ်က အာဏာသိမ်းပြီး ၈ လကျော်အတွင်း၌ အကျအဆုံးနှင့် ဒဏ်ရာရ အရေအတွက်သည် ၁၉၈၈ ခုနှစ်နောက်ပိုင်း မြန်မာစစ်တပ်၏ အကျအဆုံးများသည့် အခြေအနေဖြစ်ကြောင်း စစ်ရေး လေ့လာသုံးသပ်သူများနှင့် CDM စစ်သားတချို့က ဧရာဝတီသို့ ပြောသည်။

မြန်မာစစ်တပ်တွင် တိုက်ခိုက်ရေး ခြေလျင်ခြေမြန် တပ်မ ၁၀ ခု နှင့် တိုင်းစစ်ဌာနချုပ်များ လက်အောက်တွင် တပ်ရင်း ပေါင်း ၅၀၀ ကျော်ရှိပြီး အမှန်တကယ် တိုက်ခိုက်နိုင်သော အရာရှိနှင့် စစ်သည် အင်အားသည် ၁ သိန်း ကျော်အထိ ရှိ၍ ယခုကျဆုံးထိခိုက်မှုသည် ထိုအရေအတွက်၏ ၁၀ ရာခိုင်နှုန်းအထိ ရှိလာနေသည်။

**ယခု အကျအဆုံးအရေအတွက်အရ မြန်မာစစ်တပ်၏ ခြေလျင်ခြေမြန် တပ်မ ၂ မ ခွဲခန့် ဆုံးရှုံးမှု ဖြစ်သွားပြီ ဖြစ်ကြောင်း CDM ဗိုလ်ကြီး လင်းထက်အောင်က ဧရာဝတီသို့ ပြောသည်။**

ယခု အကျအဆုံးအရေအတွက်အရ မြန်မာစစ်တပ်၏ ခြေလျင်ခြေမြန် တပ်မ ၂ မ ခွဲခန့် ဆုံးရှုံးမှု ဖြစ်သွားပြီ ဖြစ်ကြောင်း CDM ဗိုလ်ကြီး လင်းထက်အောင်က ဧရာဝတီသို့ ပြောသည်။

၎င်းက ဆက်လက်၍ "မြန်မာနိုင်ငံအနှံ့က သူတို့အင်အားတွေကို ထိခိုက်သွားတာ။ နေရာပေါင်းစုံက ထိခိုက်တဲ့အတွက် သူတို့ အတွက် စိတ်ပိုင်းဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ စစ်ရေး ဆိုင်ရာလှုပ်ရှားမှုတွေ အထိပါ အများကြီး ထိခိုက်သွားတယ်" ဟု ဆိုသည်။

သူသည် ရှမ်းပြည်နယ် အရှေ့ပိုင်း တြိဂံတိုင်းစစ်ဌာနချုပ် လက်အောက်ရှိ ခြေမြန်တပ်ရင်း အမှတ် ၅၂၈ တွင် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီလကုန်ပိုင်းတွင် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းရှိ ရဲစခန်းနှင့် ရဲကင်း ၃ ခု ခန့်ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDFs များက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်များက ရင်ဆိုင်ခုခံခြင်းထက် လက်နက်နှင့် မိသားစုများကို ထားခဲ့ကာ ထွက်ပြေးသွားခဲ့ကြသည်။

မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အနောက်မြောက်ဒေသဖြစ်သော စစ်ကိုင်း၊ မကွေးတိုင်းနှင့် ချင်းပြည်နယ် များသို့ ပို့ဆောင်ခံရသည့် စစ်ကြောင်းများသည်လည်း လမ်းခရီးမှာပင် မိုင်းဆွဲခံရခြင်းနှင့် ပြောက်ကျား တိုက်ခိုက်ခံရခြင်းတို့ကြောင့် ၎င်းတို့ စစ်ကြောင်းသွားရာ အနီးရှိ အရပ်သား ပြည်သူများ နေထိုင်ရာ ကျေးရွာများကို မီးတင်ရှို့ခြင်းနှင့် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်းကိုသာ ပိုမိုလုပ်ဆောင်လာနေသည်။

မကြာသေးမီရက်ပိုင်းက ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်း စစ်ကောင်စီတပ်နှင့် ရက္ခိုင့်တပ်တော် (AA) တို့အကြား တကျော့ပြန်တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်တပ်ဘက်က ဗိုလ်မှူးအဆင့် အပါအဝင် တပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှု များပြားခဲ့ပြီး တချို့မှာ အဖမ်းခံခဲ့ရသည်။

လေကြောင်းပစ်ကူမပါဘဲ စစ်မတိုက်ရဲတော့သည့် မြန်မာစစ်တပ်၏ ထိုသို့သော စွမ်းရည်ကျဆင်းနေမှု အပြင်၊ ယခုကဲ့သို့ အကျအဆုံး များပြားလာခြင်းကလည်း မြန်မာစစ်တပ်၏ ရှေ့တန်းတပ်များ အတွက် ခေါင်းခဲစရာ ဖြစ်လာနေသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ပြောရေးဆိုခွင့်ရှိသူ ပဒိုစောတောနီးက "အရင် အပစ်အခတ်ရပ်စဲရေး မလုပ်ခင်တုန်းက KNU နဲ့ တိုက်ပွဲတွေဖြစ်တုန်းက စစ်တပ်က ၁ ထောင်၊ ၂ ထောင်ကျော် သေဆုံးတာရှိတယ်။ အဲဒီကတည်းက အဖိတ်အစင်များခဲ့တာ။ အခုအခြေအနေက အဲဒီလိုမျိုး ပြန်ရောက်သွားပြီ" ဟု ပြောသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ပြောရေးဆိုခွင့်ရှိသူ ပဒိုစောတောနီးက "အရင် အပစ်အခတ်ရပ်စဲရေး မလုပ်ခင်တုန်းက KNU နဲ့ တိုက်ပွဲတွေဖြစ်တုန်းက စစ်တပ်က ၁ ထောင်၊ ၂ ထောင်ကျော် သေဆုံးတာရှိတယ်။ အဲဒီကတည်းက အဖိတ်အစင်များခဲ့တာ။ အခုအခြေအနေက အဲဒီလိုမျိုး ပြန်ရောက်သွားပြီ" ဟု ပြောသည်။

KNU နှင့် မြန်မာစစ်တပ်အကြား အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်မထိုးရသေးသော ၁၉၉၅ ခုနှစ် ဝန်းကျင်တွင် နှစ်ဖက်တိုက်ပွဲများ ပြင်းထန်ခဲ့ပြီး စစ်တပ်ဘက်က အကျအဆုံး များခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီလ ၁ လတည်းမှာပင် KNU နယ်မြေအတွင်း စစ်တပ်နှင့် တိုက်ပွဲပေါင်း ၄၃၅ ကြိမ် ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီနှင့် နယ်ခြားစောင့်တပ်ဖွဲ့ (BGF) ၏ကျဆုံးမှုသည် ၃၉၉ ဦးရှိခဲ့ကာ ဒဏ်ရာသူ ၃၀၀ ကျော်အထိ ရှိခြင်းကြောင့် လက်ရှိတနိုင်ငံလုံးတွင် ဖြစ်ပွားနေသော တိုက်ပွဲများအတွင်း စစ်ကောင်စီတပ်က ယခုကဲ့သို့ အများအပြားကျဆုံးခြင်းနှင့် ဒဏ်ရာရရှိမှုအရေအတွက်သည် မဖြစ်နိုင်စရာ မရှိကြောင်း ၎င်းက ဆိုသည်။

ပဒိုစောတောနီးက "ကျနော်တို့ဆီမှာတင် ဒီလောက်အထိဖြစ်နေတယ်ဆိုရင် တပြည်လုံးမှာတော့ မဖြစ်စရာ အကြောင်းကို မရှိဘူး။ အခုကလည်း နေရာတိုင်းမှာ ဝုန်းဒိုင်းကြဲနေတာပဲလေ" ဟု ထပ်ပြောသည်။

စစ်တပ်အနေဖြင့် ကျဆုံး၊ ဒဏ်ရာရ၊ CDM ပြုလုပ်ခြင်း အစရှိသည့် စစ်သားပြန်းတီးမှုများအပြင်၊ တပ်သားအသစ် ဝင်ရောက်မှုသည် ယခုနောက်ပိုင်းနှစ်များတွင် ကျဆင်းနေခဲ့သလို၊ အာဏာသိမ်းပြီးနောက် စစ်တပ်၏ ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုကြောင့်လည်း ပို၍ ဆိုးရွားသွားခဲ့သည်

စစ်တပ်အနေဖြင့် ကျဆုံး၊ ဒဏ်ရာရ၊ CDM ပြုလုပ်ခြင်း အစရှိသည့် စစ်သားပြန်းတီးမှုများအပြင်၊ တပ်သားအသစ် ဝင်ရောက်မှုသည် ယခုနောက်ပိုင်းနှစ်များတွင် ကျဆင်းနေခဲ့သလို၊ အာဏာသိမ်းပြီးနောက် စစ်တပ်၏ ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုကြောင့်လည်း ပို၍ ဆိုးရွားသွားခဲ့သည်။

လွန်ခဲ့သည့် လအနည်းငယ်က ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ၃ လအတွင်း အပြတ်ရှင်းမည်ဟု ကြွေးကြော်ထားခဲ့သော မြန်မာစစ်တပ်သည် ယခုတွင်မူ ထိုးစစ်ပြုလုပ်ခြင်းထက် တပ်များကို အထိုင်ချထားပြီး လေကြောင်းစစ်ဆင်ရေး အကြီးအကျယ် အသုံးပြုလာခြင်းမှာ စစ်တပ်ဘက်က အကျအဆုံး များနေသည်ကို ဝန်ခံချက်တခုပင် ဖြစ်ကြောင်း ပြည်တွင်းရှိ နိုင်ငံရေးလေ့လာသုံးသပ်သူ တဦးက မှတ်ချက်ပြုသည်။

"တကယ် တိုက်ရည်ခိုက်ရည် ကောင်းတဲ့ KIA (ကချင်လွတ်မြောက်ရေးတပ်မတော်) တို့၊ AA တို့နဲ့ဆို မြေပြင်အရာရှိ တော်တော်များများက မတိုက်ချင်တော့တဲ့ အနေအထားရှိတယ်" ဟု ၎င်းက ပြောဆိုသည်။

ယခုလပိုင်းများအတွင်း၌ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အားကောင်းလာနေသော ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းရှိ မြို့နယ်တချို့ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ များက ပြည်သူ့အုပ်ချုပ်ရေး အစီအစဉ်များ ကြေညာလာခဲ့ရာ ထိုအခြေအနေက ပြန့်ကျဲနေသော စစ်မျက်နှာများကို ထိန်းချုပ်ရန်အတွက် အကျဆုံးများနေသည့် စစ်တပ်အတွက် အကျပ်ရိုက်နေသည့် လက္ခဏာပင် ဖြစ်သည်။

"တိုင်းစစ်ဌာနချုပ်တွေ၊ စစ်ဆင်ရေးကွပ်ကဲရေး ဌာနချုပ်တွေမှာပဲ အရှိန်မပျက်လည်ပတ်နေတာ။ တကယ်တမ်း မြေပြင်တပ်တွေမှာ အုပ်ချုပ်မှုပုံစံတွေ၊ အမိန့်ပေးစနစ်တွေက ပျက်နေပြီ" ဟု CDM ဗိုလ်ကြီး လင်းထက်အောင်က ပြောသည်။

ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များအနေဖြင့် နယ်မြေနှင့် အင်အားသာလွန်ခြင်း၊ ကိုယ်ပိုင်လက်နက် တီထွင်လာနိုင်မှုနှင့် စုဖွဲ့မှု အားကောင်းလာခြင်းတို့ကြောင့် ရှေ့အနာဂတ်တွင် စစ်တပ်ဘက်က လေကြောင်း စစ်ဆင်ရေးများ လုပ်ဆောင်လာသည့်တိုင် မြေပြင်တပ်ဖွဲ့ဘက်တွင် ယခုထက် ပိုပြီး အထိအခိုက် အကျအဆုံး များပြားလာမည်ဖြစ်ကြောင်း ၎င်းက သုံးသပ်သည်။

https://burma.irrawaddy.com/article/2022/02/17/249979.html

---------------------------------------------------------------------------------------------------

## ရှစ်လအတွင်း စစ်ကောင်စီ တပ်သား ၈၀၀၀ ကျော် သေဆုံးခဲ့တယ်လို့ NUG ထုတ်ပြန်

2022.02.17

စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၁ ခုနှစ် ဇွန်လ ၁ ရက် ကနေ အခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့အထိ ၈ လကျော်ကာလအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင် ၈၃၅၄ ဦး သေဆုံးပြီး ဒဏ်ရာရသူ ၂၈၉၆ ဦး ရှိခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ NUG က ဒီနေ့ ထုတ်ပြန်ပါတယ်။

သတင်းမီဒီယာပေါင်း ၄၀ နဲ့ မြေပြင်က တိုက်ရိုက်ရတဲ့ သတင်းအချက်အလက်တွေကို လေ့လာစုစည်းထားတာဖြစ်ပြီး မြေပြင်မှာ အရေအတွက် ပိုများနိုင်တယ်လို့ ဆိုပါတယ်။

တပ်မ တစ်ခုရဲ့ စစ်ထွက်အင်အားဟာ ပုံမှန် ၈၀၀ ခန့်သာရှိလို့ တိုက်ပွဲအတွင်း စစ်ကောင်စီဘက်က သေဆုံးမှုအရေအတွက်က များနေပြီလို့ ပြောနိုင်ကြောင်း အာဏာဖီဆန်ရေး လူထုလှုပ်ရှားမှုမှာ ပါဝင်တဲ့ တပ်မတော်သားတွေကပြောပါတယ်။ စစ်ကောင်စီဘက်က သေဆုံးမှု ၈၀၀၀ ကျော်ဆိုတဲ့ ပမာဏက တပ်မ ၁၀ ခု စာ ရှိပါတယ်။

အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှု CDM နဲ့ တပ်မတော်ကနေ နုတ်ထွက်လာသူတွေရဲ့ ပြောဆိုချက်အရ ကာကွယ်ရေးဝန်ကြီးဌာနအောက်မှာ လက်နက်တပ်ဆင်ထားတဲ့ တပ်၊ ရဲ၊ မီးသတ် တပ်ဖွဲ့ဝင် အင်အား ငါးသိန်းရှိတာကြောင့် စစ်ကောင်စီတပ်သား သေဆုံးမှုနဲ့ ဒဏ်ရာရသူ အရေအတွက်ဟာ စစ်တပ်ရဲ့ လက်နက်ကိုင်တပ်ဖွဲ့ဝင်စုစုပေါင်းအင်အားရဲ့ ၂ ရာခိုင်နှုန်းကျော် ရှိနေပါပြီ။

စစ်တပ်က အာဏာသိမ်းပြီးနောက် ပြီးခဲ့တဲ့နှစ် ဇွန်လ ၁ ရက်နေ့ကနေ အခုနှစ် ဖေဖော်ဝါရီလ ပထမအပတ်အထိ အရပ်သားသေဆုံးသူက ၁၆၉၅ ဦးရှိပြီး ထိခိုက်ဒဏ်ရာရသူ ၉၈၅ ဦးရှိတယ်လို့လည်း NUG ရဲ့ ထုတ်ပြန်ချက်မှာ ရေးသားထားပါတယ်။

ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ အရပ်သားတွေကတော့ ၄၈၄၇ ဦးအထိရှိနေတယ်လို့ အဲ့ဒီစာရင်းမှာ ဖော်ပြပါတယ်။

NUG ရဲ့ ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေနဲ့ပတ်သက်ပြီး RFA က သီးခြားအတည်မပြုနိုင်သေးသလို စစ်ကောင်စီရဲ့ တုံ့ပြန်ချက်ကိုရဖို့ စစ်ကောင်စီရဲ့ ပြန်ကြားရေးဒုဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းကို ဆက်သွယ်နေဆဲ ဖြစ်ပါတယ်။

https://www.rfa.org/burmese/news/soldier-died-nug-statement-02172022063921.html

-----------------------------------------------------------------------------------------------

## ကလေးမြို့နယ်တိုက်ပွဲတွင် စစ်ကောင်စီဘက်က ၆ ဦးသေဆုံး

Published By DVB | 17 February, 2022



စစ်ကိုင်းတိုင်း ကလေးမြို့နယ်တောင်ပိုင်းမှာ ဖေဖော်ဝါရီ ၁၆ ရက်နေ့ ညနေပိုင်းက စစ်ကောင်စီတပ်တွေကို CDF-KKG က ဝင်ရောက်တိုက်ခိုက်ခဲ့တယ်လို့ သိရပါတယ်။

ကလေးမြို့နယ် ရန်ကြီးအောင်ရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်သားတွေကို မနေ့ညနေ ၄ နာရီလောက်မှာ CDF-KKG က အလစ်အငိုက်ဝင်တိုက်ရာမှာ တစ်နာရီလောက်တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၆ ယောက်သေဆုံးခဲ့တယ်လို့ CDF-KKG ရဲ့ပြန်ကြားရေးတာဝန်ခံက ဒီဗွီဘီကို ပြောပါတယ်။

နှစ်ဖက်တိုက်ပွဲအတွင်းမှာ စစ်ကောင်စီတပ်တွေဘက်က လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပြန်လည်ပစ်ခတ်ပေမယ့် CDF-KKG ရဲဘော်တွေ အထိခိုက် အကျဆုံးမရှိဘဲ အောင်အောင်မြင်မြင် ဆုတ်ခွာနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

စစ်ကောင်စီတပ်တွေဟာ ရန်ကြီးအောင်ရွာမှာ မနေ့က ပြည်သူတွေနဲ့ နေအိမ် ၅ လုံးကို မီးရှို့ဖျက်ဆီးခဲ့ကြသလို ဒီကနေ့မနက်ပိုင်းမှာလည်း နေအိမ် ၃ လုံးကို မီးရှို့ဖျက်ဆီးခဲ့ကြတယ်လို့ ပြောပါတယ်။

ရန်ကြီးအောင်ရွာထဲမှာတပ်စွဲထားတဲ့ စစ်ကောင်စီတပ်သားတွေဟာ ကျေးရွာထဲကို လက်နက်ကြီးတွေနဲ့ ပစ်ခတ်သလို ဒေသခံရွာသားတွေကို အကြပ်ကိုင်ခြိမ်းခြောက်တာတွေ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။

ရန်ကြီးအောင်ရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်တွေကို ဖေဖော်ဝါရီ ၁၄ ရက်နေ့ ညနေပိုင်းမှာလည်း CDF-KKG နဲ့ CDF-ဟားခါး ပူးပေါင်းတပ်ဖွဲ့တွေက အလစ်အငိုက်ဝင်တိုက်ခဲ့တာကြောင့် စစ်ကောင်စီတပ်သား ၅ ယောက်သေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားတယ်လို့ သိရပါတယ်။

နှစ်ဖက်တိုက်ပွဲတွေနဲ့ ပတ်သက်လို့တော့ ထိခိုက်သေဆုံးတဲ့ အခြေနေကို စစ်ကောင်စီဘက်က သတင်းထုတ်ပြန်ထားတာမတွေ့ရသေးပါဘူး။

http://burmese.dvb.no/archives/517420

-----------------------------------------------------------------------------------------------

## ယင်းမာပင်မြို့နယ်ဘက် တိုက်ပွဲဖြစ်၊ ဒေသခံတွေ အိုးအိမ်စွန့်ထွက်ပြေးနေရ

17 ဖေဖော်ဝါရီ၊ 2022 | ကျော်ကျော်သိန်း

စစ်ကိုင်းတိုင်း၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ် လက်လှုပ်ကျေးရွာအနီးမှာ ဒေသခံကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ စစ်ကောင်စီတို့ ဖြစ်ပွားတဲ့တိုက်ပွဲကြောင့် ရွာသား ၃၀ဝ လောက် ဘေးလွတ်ရာ ထွက်ပြေးနေကြရပါတယ်။ ဖေဖော်ဝါရီ ၁၆ ရက် ဗုဒ္ဓဟူးနေ့က တိုက်ပွဲအတွင်း စစ်တပ်ဘက်က ရဟတ်ယာဉ်သုံး တိုက်ခိုက်ခဲ့တဲ့အတွက် ခုလိုထွက်ပြေးနေကြတာဖြစ်ပါတယ်။ ယင်းမာပင်ဘက် အခြေအနေ ရန်ကုန်ကလာတဲ့သတင်းကို ကိုကျော်ကျော်သိန်းက တင်ပြပေးထားပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နဲ့ ၂ မိုင်သာ ဝေးတဲ့ လက်လှုပ် ကျေးရွာအနီးမှာ ဖေဖော်ဝါရီ ၁၆ ရက်က ဒေသခံကာကွယ်ရေး တပ်ဖွဲ့တွေနဲ့ စစ်ကောင်စီတို့ တိုက်ပွဲဖြစ်ခဲ့တာပါ။ ဒီနေ့တော့ တိုက်ပွဲမဖြစ်ပေမဲ့ စစ်ရေးတင်းမာနေတဲ့ အနေအထားရှိတယ်လို့ ယင်းမာပင်ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ တာဝန်ရှိသူတဦးက ပြောပါတယ်။

"သူတို့က ရဟတ်ယာဉ်သုံးပြီး လာ ပစ်သွားတာပေါ့။ အဲ့ရဟတ်ယာဉ်ပေါ်ကနေ ဗုံးတွေကြဲတယ်။ နောက်ပြီး လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပစ်ခတ်တာတွေရှိတာပေါ့ဗျာ။ သူတို့ရဲ့ ပစ်ခတ်တာကြောင့် ကျနော်တို့ ခရိုင်ပူးပေါင်း PDF အဖွဲ့တွေက ထိခိုက် ကျဆုံးတာတွေမရှိဘူး။ ဒဏ်ရာရ ရဲဘော်တွေလည်း မရှိပါဘူး။ လက်ရှိအနေအထားက ငြိမ်နေတဲ့ ပုံစံမျိုးတော့မဟုတ်ဘူးပေါ့နော်။ သူတို့ဘက်က စစ်ရေးလှုပ်ရှားမှုတွေ ရှိတယ်ဆိုရင် ဒေသခံ ခုခံကာကွယ်ရေး တပ်ဖွဲ့တွေကလည်း ပြန်လည် ပစ်ခတ်ရမယ့်အပိုင်းတွေ တာဝန်ရှိတဲ့အတွက် ဒီအခြေအနေဟာ စစ်ရေးတင်းမာနေတဲ့ အခြေအနေလို့ တောင်ပြောလို့ရတယ်။"

စစ်ကောင်စီဘက်ကတော့ ယင်းမာပင်ဘက်က တိုက်ပွဲအခြေအနေနဲ့ပတ်သက်လို့ တစုံတရာ ထုတ်ပြန်တာ မရှိသေးပါဘူး။ ယင်းမာပင်နယ်ထဲမှာ စစ်တပ် စစ်ကြောင်းတွေ သွားလာလှုပ်ရှားနေပါတယ်။ မနေ့က လေကြောင်းကနေပါ တိုက်ခိုက်မှုကြောင့် လက်လှုပ်ကျေးရွာသား ၃၀၀ လောက် ဘေးလွတ်ရာကို ထွက်ပြေး တိမ်းရှောင်နေရတယ်လို့ လက်လှုပ်ကျေးရွာသားတဦးက ပြောပါတယ်။

"ကျနော်တို့ဆီမှာ လူဦးရေ ၃၀၀ လောက်ရှိတာ အကုန်လုံးကို ပြေးနေရတယ်။ လွတ်ရာ ကျွတ်ရာပေါ့ဗျာ။ မြို့နဲ့ဝေးရာကို။ ဒီဘက်မှာ ဒီနေ့တော့ (စစ်ကြောင်း) ထိုးတယ်မကြားဘူး။ စစ်အင်အားတွေ တိုးတယ်ဆိုလို့ ရွာကလူတွေက အကုန်ပြေးနေရ တယ်။ အိမ်မှာမကပ်နိုင်ဘူး။ တရွာလုံးကို ပြေးနေရတာ။ ဒီမှာ အလုပ်တွေကို ပစ်ထားပြီးတော့။"

ယင်းမာပင်ခရိုင်ထဲမှာပါတဲ့ ကနီ ၊ ပုလဲ ၊ ယင်းမာပင်မြို့နယ်တွေကို စစ်ကောင်စီက မကြာခဏဆိုသလို နယ်မြေရှင်းလင်းတဲ့ စစ်ဆင်ရေးတွေလုပ်နေပြီး ဒေသခံကာကွယ်ရေးတပ်ဖွဲ့တွေနဲ့လည်း မကြာခဏ ထိတွေ့တိုက်ပွဲတွေ ဖြစ်လေ့ရှိပါတယ်။ အနောက်မြောက်တိုင်း စစ်ဌာနချုပ် အခြေစိုက်တဲ့ မုံရွာမြို့နဲ့နီးကပ်တဲ့ ယင်းမာပင်နဲ့ ပုလဲမြို့တပိုက်ကို စစ်ကောင်စီက လေကြောင်းကနေ ပစ်ခတ်တိုက်ခိုက်တာတွေလည်း ရှိနေပါတယ်။ ပုလဲမြို့နယ်ထဲမှာဆိုရင်လည်း စစ်ကောင်စီရဲ့ နယ်မြေရှင်း လင်းမှုအတွင်း နေအိမ်တွေ မီးလောင်ကျွမ်းခဲ့တဲ့အတွက် ရာနဲ့ချီတဲ့နေအိမ်တွေ မီးလောင်ဆုံးရှုံးပြီး ထောင်နဲ့ချီတဲ့ ဒေသခံတွေ အိုးမဲ့အိမ်မဲ့ ဖြစ်နေပါတယ်။

https://burmese.voanews.com/a/whatishappeninginmyanmar-myanmarmilitarycoup-yinmarbin-voaburmese-စစ္အာဏာသိမ္းမႈ-ယင္းမာပင္-ဗြီအိုေအျမန္မာပိုင္း-/6445858.html

---------------------------------------------------------------------------------------------------

## မိုးပြဲမြို့တွင်း တိုက်ပွဲပြင်းထန် PDF တစ်ဦး ကျဆုံး

By SHAN - February 17, 2022



သျှမ်းပြည်တောင်ပိုင်း မိုးပြဲမြို့တွင် စစ်ကောင်စီ နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF တို့ ယနေ့ (ဖေဖော်ဝါရီ ၁၇) မနက်ပိုင်းတွင် တိုက်ပွဲ ပြင်းထန်ခဲ့ပြီး PDF တပ်ဖွဲ့ဘက်မှ (၁) ဦး ကျဆုံးခဲ့ကြောင်း စုံစမ်းသိရှိရသည်။

ယနေ့ ဖေဖော်ဝါရီ ၁၇ ရက် မိုးပြဲမြို့တွင် စစ်ကောင်စီ နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲပြင်းထန်ခဲ့ပြီး PDF တပ်ဖွဲ့ဝင်တစ်ဦး လက်နက်ကြီးထိမှန်ကာ ဒဏ်ရာရရှိပြီး

သေဆုံးသွားကြောင်း သိရသည်။

“ဟုတ်တယ်။ ဒီနေ့တိုက်ပွဲမှာ ကျနော်တို့ PDF ဘက်က တစ်ဦး ကျဆုံးသွားတယ်။ လက်နက်ကြီးထိမှန်ပြီး သေဆုံးသွားတာ။ ဒဏ်ရာပြင်းထန်ပြီးတော့ မခံစားနိုင်တော့လို့ သေဆုံးသွားတာ” ဟု မဟာမိတ်တပ်ဖွဲ့ဖြစ်သည့် PDF တပ်ဖွဲ့ဝင်တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။



အဆိုပါ သေဆုံးသွားသည့် PDF သည် မိုးဗြဲမြို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF ဖြစ်ကြောင်း သိရသည်။

စစ်ကောင်စီဘက်မှလည်း အသေအပျောက်ရှိပြီး လက်ရှိအချိန်ထိ စာရင်း မသိရသေးပေ။

စစ်ကောင်စီတပ်ဖွဲ့များသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် မိုးဗြဲမြို့ထဲကို သံချပ်ကာ အမြောက်ကားများ၊ တင့်ကားများ၊ အင်အားအများအပြားဖြင့် ဝင်ရောက်လာပြီး ယနေ့ထိတိုင် တိုက်ပွဲပြင်းထန်ခဲ့ကြောင်း သိရသည်။

https://burmese.shannews.org/archives/27020

-----------------------------------------------------------------------------------------------

## မိုးဗြဲမြို့ စစ်ကောင်စီ လက်နက်ကြီးပစ်ခတ် အမျိုးသမီးတစ်ဦးထိမှန် ခြေထောက်ဖြတ်ရ

By SHAN - February 17, 2022

သျှမ်းပြည်တောင်ပိုင်း မိုးဗြဲမြို့တွင် စစ်ကောင်စီမှ လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံ အမျိုးသမီးတစ်ဦး ထိမှန်ခဲ့ပြီး ခြေထောက်ဖြတ်လိုက်ရကြောင်း စုံစမ်းသိရှိရသည်။



ယနေ့ ဖေဖော်ဝါရီ ၁၇ ရက်တွင် စစ်ကောင်စီနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီက တင့်ကားဖြင့် ပစ်ခတ်ခဲ့ရာမှ အမျိုးသမီးတစ်ဦး ခြေထောက်ထိမှန်ခဲ့ကြောင်း သိရသည်။

“တိုက်ပွဲက အခုလည်း ဖြစ်နေတယ်။ စစ်ကောင်စီဘက်က တင့်ကားနဲ့ မြို့ထဲသွားလာပြီးတော့ ပစ်နေတာ။ အဲ အမျိုးသမီးတစ်ဦးက စစ်ရှောင်နေတုန်း စစ်ကောင်စီက ပစ်ခတ်လိုက်တာ။ ခြေထောက်ထိသွားတယ်။ ခြေထောက် ဖြတ်လိုက်ရတယ်။ အခုတော့ ဆေးရုံကို ပို့ထားပေးလိုက်ပြီ” ဟု Mobye Rescue Team မှ အဖွဲ့ဝင် တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။



မိုးဗြဲမြို့တွင် စစ်ကောင်စီနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲ ပိုမိုပြင်းထန်လာနိုင်ကြောင်း၊ လက်ရှိမှာ စစ်ကောင်စီဘက်မှ လူအင်အားနှင့် လက်နက်အင်အားများ ဖြည့်တင်းနေပြီး မိုးဗြဲ PDF တပ်ဖွဲ့ဝင်များတွင်လည်း မဟာမိတ်များပေါင်းပြီး တိုက်ပွဲဖြစ်ပွားနေတာဖြစ်ကြောင်း သိရသည်။

“တိုက်ပွဲကတော့ ဆက်ပြင်းထန်လာနိုင်တယ်။ စစ်ကောင်စီဘက်လည်း လူအင်အားတွေ၊ လက်နက်အင်အားတွေ

ပိုဖြည့်လာတယ်။ ကျနော်တို့ဘက်ကလည်း မဟာမိတ်တွေနဲ့ စစ်အင်အားတွေ ပူးပေါင်းနေတယ်။ စစ်ကောင်စီကလည်း လက်နက်ကြီးတွေသုံးနေတယ်” ဟု မိုးဗြဲမြို့အတွင်း တိုက်ပွဲဖြစ်ပွားနေသည့် PDF တပ်ဖွဲ့ဝင် အမျိုးသားတစ်ဦးက ပြောသည်။

အဆိုပါ တိုက်ပွဲကြောင့် ဒေသခံများ ထွက်ပြေးတိမ်းရှောင်နေကြရပြီး တချို့ဒေသခံများသည် မြို့တွင်း တိုက်ပွဲကြား ကျန်ရှိနေသူများလည်း ရှိကြောင်း သိရသည်။

“အခုတလော မိုးဗြဲမြို့တွင်းထဲမှာကော၊ မြို့ပြင်မှာကော တိုက်ပွဲပြင်းထန်နေတယ်။ နေအိမ်တွေ ပျက်စီးတာတွေ လည်းရှိတယ်။ ပြည်သူတွေ တချို့တော့ ထွက်ပြေးကြပြီ။ တချို့က မထွက်ပြေးနိုင်သေးဘူး။ မြို့ထဲက တိုက်ပွဲကြား ကျန်နေသေးတဲ့သူတွေလည်းရှိတယ်” ဟု အထက်ပါ PDF တပ်ဖွဲ့ဝင် အမျိုးသားက ပြောသည်။

ယမန်နေ့ ဖေဖော်ဝါရီ ၁၆ မိုးဗြဲမြို့ စည်ကား (၁)ရပ်ကွက်တွင် စစ်ကောင်စီက မြို့တွင်းထဲထိ လက်နက်ကြီး ပစ်ခတ်ခဲ့တာကြောင့် နေအိမ်များ မီးလောင်ဆုံးရှုံးမှုများလည်း ရှိခဲ့ကြောင်း သိရသည်။

https://burmese.shannews.org/archives/26988

---------------------------------------------------------------------------------------------------

## မိုးဗြဲတိုက်ပွဲကြောင့် ဒေသခံ တစ်သောင်းခန့် ပိတ်မိနေ

2022.02.17




မိုးဗြဲ (MB-PDF) တပ်ဖွဲ့ဝင်တွေကို ၂၀၂၂ ဖေဖော်ဝါရီ ၁၆ ရက်နေ့က တွေ့ရစဉ် Photo: RFA

ရှမ်းပြည်နယ်တောင်ပိုင်း ကယားပြည်နယ်အစပ်မှာရှိတဲ့ မိုးဗြဲမြို့ပေါ်မှာ စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေး မဟာမိတ်တပ်ပေါင်းစုတွေအကြား ဖေဖော်ဝါရီလ ၁၇ ရက် ဒီနေ့ မွန်းလွဲ ၁ နာရီခွဲအထိ တိုက်ပွဲပြင်းထန်နေတာကြောင့် မြို့ပေါ်ဒေသခံ တစ်သောင်းနီးပါး ပိတ်မိနေတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဖေဖော်ဝါရီလ ၁၅ ရက်နေ့က မိုးဗြဲမြို့ကို တင့်ကားတွေ အပါအဝင် စစ်ကောင်စီတပ်သား ၂၀၀ ခန့်ရောက်ရှိလာပြီး နေရာယူထားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ ပစ်ခတ်တာအပြင် နေအိမ်တွေကို ဝင်ရောက်ရှာဖွေ တာတွေကြောင့် ဖေဖော်ဝါရီလ ၁၆ ရက် မနေ့ကစပြီး ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ် ဖွဲ့တွေက ဝင်ရောက်တိုက်ခိုက်ခဲ့တာလို့ ကာကွယ်ရေးအဖွဲ့တွေက RFA ကို ပြောပါတယ်။

နှစ်ဖက်တိုက်ပွဲ ပြင်းထန်နေတာကြောင့် မိုးဗြဲမြို့ပေါ်က ပြည်သူတွေ ပိတ်မိနေတာလို့ ဒီနေ့မနက်ပိုင်း မြို့ပေါ်ကနေ အရဲစွန့်ထွက်ပြေးလာတဲ့ ဒေသခံတစ်ဦးက RFA ကို ပြောပါတယ်။

**“ကျမတို့ ဝန်းကျင်ကတော့ မထွက်ရဲကြဘူး။ ဖုံးခိုကျင်းရှိတဲ့လူက ဖုံးခိုကျင်းထဲမှာ နေနေကြတယ်။ ကျမတို့လည်း အဲလိုပဲ လုံခြုံတဲ့နေရာမှာနေပြီးတော့ အသံပဲနားစွင့် နေရတာပေါ့။ ဒီမနက်ကတော့ အတော်ကြမ်းတယ်။ ကျမတို့ အိမ်ရှေ့မှာထိ သူတို့ အော်ပြောပြီးတော့ ပစ်ခတ်နေတာတွေ ကြားရတယ်။ မထွက်ဘဲ နေရတာပဲ။ ပြီးတော့မှ အသံတိတ်သွားပြီ နည်းနည်းငြိမ်နေတယ်။ ဆိုင်ကယ်သံ တစ်ချက်နှစ်ချက် ကြားရတယ် ဆိုတဲ့ အချိန်ကျမှ အရဲစွန့်ပြီးတော့ ထွက်လိုက်တာ။ လောလောဆယ်တော့ ဘေးပတ် ဝန်းကျင်လည်း ကျမတို့နဲ့ အတူတူပဲလို့ ထင်တာပဲ။ အဲလိုမျိုး ကြောက်ပြီးတော့ အထဲမှာ ပဲနေနေမှာပဲ။ ပိတ်မိနေမယ်လို့ပဲ ထင်တယ်။ အကုန်လုံးလည်း သိပ်မထွက်ကြသေးဘူး။ ထွက်တာလည်း မတွေ့ရသေးဘူး”**

ဖေဖော်ဝါရီလ ၁၆ ရက် မနေ့ နေ့လယ်ပိုင်းကတည်းကစပြီး မိုးဗြဲမြို့ ညောင်ဝိုင်းရပ်ကွက် မှာရှိတဲ့ စစ်ကောင်စီ တပ်စခန်းကို ကရင်နီတပ်မတော် (KA)၊ ကရင်နီအမျိုးသားကာကွယ် ရေးအဖွဲ့ (KNDF)၊ မိုးဗြဲ ဖယ်ခုံနဲ့ ဒီးမော့ဆိုမြို့ PDF အပါအဝင် ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တွေက ဝင်ရောက်တိုက်ခိုက်နေတာ ဖြစ်ပါတယ်။

မနေ့ကတိုက်ပွဲမှာတော့ စစ်ကောင်စီဘက်က အနည်းဆုံး ခုနစ်ဦး သေဆုံးခဲ့တယ်လို့ ဒေသ ကာကွယ်ရေး အဖွဲ့တွေကပြောပေမယ့် RFA အနေနဲ့ ထိခိုက်သေဆုံးမှု အခြေအနေကို သီးခြားအတည်မပြုနိုင်သေးသလို စစ်ကောင်စီရဲ့ ပြန်ကြားရေး ဒု-ဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းကို မေးမြန်းအတည်ပြုနိုင်ဖို့ RFA က ဆက်သွယ်နေဆဲဖြစ်ပါတယ်။

ဖေဖော်ဝါရီ ၁၇ ဒီနေ့ မနက် ၆ နာရီဝန်းကျင်မှာလည်း နှစ်ဖက်ထပ်မံတိုက်ပွားခဲ့ပြီး ညနေပိုင်းအထိ မြေပြင်မှာ တင်းမာမှုတွေ ရှိသေးတယ်လို့ မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ် (MB-PDF ) ပြောခွင့်ရသူတစ်ဦးက ပြောပါတယ်။

**“နေရာတော်တော်များများ နေရာယူတယ်။ ကင်းပုန်းတွေချတယ်။ အဲဒီနောက် မနေ့က ဖေဖော်ဝါရီ ၁၆ ရက်နေ့မှာ မနက်ပိုင်းကနေစပြီး ထိတွေ့တိုက်ပွဲတွေ ဖြစ်တယ်။ ထိုးစစ် ဆင်လာတာတွေရယ်၊ သူတို့ကင်းပုန်းတွေ ဝင်ပစ်တာတွေရယ်၊ အဲဒါတွေကြောင့် မနေ့ က ထိတွေ့တိုက်ပွဲက ၄ နာရီအထိ ဖြစ်တယ်။ ညဘက်မှာလည်း စစ်ကောင်စီဘက်က လက်နက်ကြီးတွေနဲ့ ရမ်းပစ်တာတွေရှိတယ်။ ဒီမနက် ၆ နာရီနောက်ပိုင်းမှာဆိုရင် တိုက်ပွဲအပြင်းအထန် ပြန်ဖြစ်တယ်။ အခုလက်ရှိ အခြေအနေဆိုရင် စစ်ကောင်စီဘက် က တင့်ကားတွေပါ သုံးလာတယ်ဗျ။ တင့်ကားတော့ နှစ်စီး သုံးနေတယ်လို့ သိရတယ်။ အခုကတော့ မြေပြင်မှာတင်းမာမှုတွေ ဖြစ်နေတယ်”**

အလားတူ မိုးဗြဲမြို့နဲ့ ၁၀ မိုင်လောက်သာဝေးတဲ့ ကယားပြည်နယ် လွိုင်ကော်မြို့ပေါ်မှာ လည်း မနေ့ညပိုင်းကစပြီး တိုက်ပွဲပြင်းထန်နေတယ်လို့ လွိုင်ကော်မြို့ပေါ်မှာ ပြန်လည် နေထိုင်တဲ့ ဒေသခံတွေက ပြောပါတယ်။

ဒီနေ့ မိုးဗြဲမြို့ နှစ်ဖက်တိုက်ပွဲအတွင်း စစ်ကောင်စီဘက်က လက်နက်ကြီးတွေအပြင် တင့်ကားတွေပါ အသုံးပြုပြီး ထိုးစစ်ဆင် တိုက်ခိုက်နေတာကြောင့် ဒေသခံ အမျိုးသမီး တစ်ဦး ခြေထောက်မှာ လက်နက်ကြီးကျည် ထိမှန်ပြီး အပြင်းအထန် ဒဏ်ရာရခဲ့တယ်လို့ မိုးဗြဲလူမှုကူညီရေးအဖွဲ့ (Mobye Rescue Team) အဖွဲ့ဝင်က ပြောပါတယ်။

**“ဘယ်လိုထိသွားလဲဆိုတော့ စစ်ကောင်စီက တင့်ကားနဲ့ ရမ်းသမ်းပစ်ခတ်မှုကြောင့် ထိသွားတာပါ။ သူ့အခြေအနေက နည်းနည်းစိုးရိမ်ရတယ်။ ၁၁ ခွဲကျော်လောက်မှာ ဖြစ်သွားတယ်”**

လက်နက်ကြီးကျည် ထိမှန်ခဲ့သူဟာ မိုးဗြဲမြို့ စည်ကား (၁) ရပ်ကွက်မှာနေထိုင်တဲ့ အသက် ၃၀ ဝန်းကျင် အမျိုးသမီးဖြစ်တယ်လို့ မိုးဗြဲလူမှုကူညီရေးအဖွဲ့က ပြောပါတယ်။

ဒ့ါအပြင် မိုးဗြဲမြို့အထွက်မှာ တောင်ယာသွားရောက်လုပ်ကိုင်နေတဲ့ ဒေသခံ ၁၀ ဦးကို စစ်ကောင်စီ တပ်သားတွေက ဖမ်းဆီးခေါ်ဆောင်သွားတယ်လို့လည်း ကရင်နီအမျိုးသား ကာကွယ်ရေးအဖွဲ့ (KNDF) ဖယ်ခုံ အဖွဲ့က ဒီနေ့မှာပဲ သတင်းထုတ်ပြန်ထားပါတယ်။

**"လူထုကတော့ အဓိက သူတို့ ရည်ရွယ်ချက်ကတော့ စစ်ကောင်စီ စစ်အာဏာရှင်တွေ ပြုတ်ကျဖို့ပဲ"**

စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း မိုးဗြဲမြို့မှာ စစ်ကောင်စီတပ်နဲ့ ဒေသကာကွယ်ရေး အဖွဲ့တွေ ပြီးခဲ့တဲ့နှစ် ဇွန်လ၊ အောက်တိုဘာလမှာ တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့သလို နိုဝင်ဘာ ၁၇ ရက်က မိုးဗြဲအခြေစိုက် ခမရ - ၄၂၂ တပ်ရင်းအနီး စစ်ကောင်စီတပ်နဲ့ မိုးဗြဲ (MB-PDF)၊ ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF) ပူးပေါင်းအဖွဲ့တို့ တိုက်ပွဲ ထပ်မံဖြစ်ပွားခဲ့တာကြောင့် ဒေသခံ ၄၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်ခဲ့ရပါတယ်။

အဲဒီနောက်ပိုင်း ဒေသခံ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်တဲ့ ကယန်းပြည်သစ်ပါတီက စစ်ကောင်စီနဲ့ စေ့စပ်ညှိနှိုင်းခဲ့တာကြောင့် တိုက်ပွဲတွေ ရပ်နားသွားကြပေမယ့် ဒီတစ်ကြိမ် တိုက်ပွဲ အပြင်းအထန်ပြန်ဖြစ်တာလို့ မိုးဗြဲပြည်သူ့ကာကွယ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

ကယန်းပြည်သစ် နယ်မြေဖြစ်တာကြောင့် သူတို့ပဲ ဆုံးဖြတ်မယ်လို့ပြောထားပေမယ့် ပြည်သူ့ကာကွယ်ရေး အဖွဲ့တွေကတော့ စစ်ကောင်စီကို ဆက်လက်တိုက်ခိုက်မှာပဲလို့ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ရဲ့ အတွင်းရေးမှူး (၁) ခူဒယ်နီယာယ်က RFA ကို ပြောပါတယ်။

**"လူထုတစ်ရပ်လုံးက တိုက်တဲ့အချိန်မှာ ဒီမိုးဗြဲ ဖယ်ခုံကတော့ သူတို့ တော်တော်အင် အားကောင်းတဲ့ လူထုတိုက်ပွဲ ဝင်ကြတာပေါ့။ အဲဒီခွင်က ကယန်းပြည်သစ်ခွင်လို့ ပြောလို့ရတယ်။ ကယန်းဒေသ သူတို့ သတ်မှတ်ထားတယ်လေ။ အဲတော့ ဒီလူထုတွေ တအားနစ်နာနေပြီ၊ ကယန်းပြည်သစ်ကနေ သူတို့ကို ပြောပြီးမှ ခဏရပ်ခိုင်းလိုက်တယ်။ သူတို့ အမိန့်စာတစ်ခု ထွက်ပါသေးတယ်။ အဲဒီမှာ စစ်ရေးနဲ့ နိုင်ငံရေးနဲ့ ပတ်သက်ရင် ငါတို့ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ ငါတို့ရဲ့ ဆုံးဖြတ်ချက်ကို လိုက်နာရမယ် ဆိုပြီးတော့မှ သူတို့ စာထုတ်ထားတော့ ခဏလေးရပ်သွားတယ်။ အခုက တစ်ခေါက်ပြန်ဖြစ်တယ် ဆိုတာကတော့ လူထုကတော့ အဓိက သူတို့ ရည်ရွယ်ချက်ကတော့ စစ်ကောင်စီ စစ်အာဏာရှင်တွေ ပြုတ်ကျဖို့ပဲ။ အနိုင်တိုက်ဖို့ပဲ။ သူ့ကို တားတဲ့လူတွေက သိပ်လက် မခံဘူးပေါ့လေ။ ဒီတော့ တိုက်ပွဲပြန်ဖြစ်တယ်"**



(ကယားပြည်နယ် လွိုင်ကော်မြို့က ထွက်ပြေးရတဲ့ စစ်ဘေးဒုက္ခသည်တွေကို ၂၀၂၁ ဇန်နဝါရီ ၂၆ ရက်နေ့က တွေ့ရစဉ်) Photo: CJ

ကယန်းပြည်သစ်ဟာအဖွဲ့ဟာ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့အတွက်ဆိုတဲ့ အကြောင်းပြချက်နဲ့ ၁၉၉၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့မှာကတည်းက အပစ်ခတ်ရပ်စဲရေး လုပ်ခဲ့တဲ့အဖွဲ့ ဖြစ်ပါတယ်။

ဒီနေ့အထိဖြစ်ပွားနေတဲ့ တိုက်ပွဲတွေကြောင့် ဒေသခံပြည်သူတွေ နီးစပ်ရာဘုန်းကြီးကျောင်း တွေမှာ ထွက်ပြေးခိုလှုံနေကြရသလို အိမ်ထဲမှာ ဆက်လက်ပုန်းနေကြရတဲ့သူတွေလည်း ထွက်မရဘဲ ပိတ်မိနေကြတာပါ။

မိုးဗြဲ PDF တပ်ဖွဲ့ကတော့ မိမိလုံခြုံရေးကို ဦးစားပေးအဆင့်မှာထားပြီး ရွှေ့ပြောင်းနေထိုင် ကြဖို့ ဒေသခံတွေကို တိုက်တွန်းထားပါတယ်။

မိုးဗြဲမြို့ပေါ် ဒေသခံတွေကတော့ အခုတစ်ကြိမ် ထပ်မံတိုက်ပွဲပြင်းထန်နေတာကြောင့် နောက်ထပ်တစ်ကြိမ် ထွက်ပြေးနေရပြီး လက်ရှိအချိန်အထိ စစ်ဘေးဒုက္ခသည် တစ် သောင်းဝန်းကျင် ရှိနေသလို မြို့ထဲမှာ ပိတ်မိနေသူကလည်း တစ်သောင်းနီးပါးရှိနေပြီလို့ ကူညီပေးနေသူတွေက ပြောကြပါတယ်။

https://www.rfa.org/burmese/news/tens-thousands-villagers-closed-in-mobye-02172022065247.html

----------------------------------------------------------------------------------------------

## လက်နက်အပြည့်အစုံဖြင့် အလင်းဝင်ပါက ကျပ်သိန်း ၈၀ ပေးမည်ဟု ကျောက်ထု PDF ဖိတ်ခေါ်

Published By DVB | 17 February, 2022

စစ်ကောင်စီလက်အောက်မှာ တာဝန်ထမ်းဆောင်နေတဲ့ စစ်သားနဲ့ ရဲတွေအနေနဲ့ လက်နက်ခဲယမ်းအပြည့်အစုံယူဆောင်လာပြီး ပြည်သူတွေဆီမှာ အလင်းဝင်မယ်ဆိုရင် တစ်ယောက်ကို ကျပ် သိန်း ၈၀ အထိ ပေးအပ်ချီးမြှင့်သွားမယ်လို့ ကျောက်ထု PDF တပ်ဖွဲ့က ထုတ်ပြန်လိုက်ပါတယ်။




ဒီလိုထုတ်ပြန်လိုက်တာဟာ NUG အစိုးရရဲ့ ချီးမြှင့်မယ့်ငွေကြေးထက် ပိုမိုများပြားနေပြီး NUG အစိုးရကတော့ အဲဒီလိုဝင်ရောက်လာတဲ့ စစ်ကောင်စီတပ်သားတွေကို တယောက် ကျပ် သိန်း ၅၀ အထိ ပေးအပ်ချီးမြှင့်မယ်ဆိုပြီးတော့ ကြေညာခဲ့တာပါ။

အခုလို လက်နက်အပြည့်အစုံနဲ့ ပြည်သူတွေဆီ အလင်းဝင်ရောက်လာမယ့်သူတွေကိုလည်း လွတ်မြောက်နယ်မြေအထိ ကူညီပို့ဆောင်ပေးသွားမှာဖြစ်တယ်လို့လည်း ဖေဖော်ဝါရီ ၁၁ ရက်နေ့က ထုတ်ပြန်ထားတဲ့ ကျောက်ထု PDF အဖွဲ့ရဲ့ ကြေညာချက်မှာ ဖော်ပြပါရှိပါတယ်။

http://burmese.dvb.no/archives/517592

----------------------------------------------------------------------------------------------------

## ဒေါဥခူတိုက်ပွဲ စစ်ကောင်စီတပ်သား ၄ ဦးသေ

By ဝေယံမိုး/ မဇ္ဈိမ | 17 February 2022



ကရင်နီပြည်၊ လွိုင်ကော်မြို့နယ်၊ ဒေါဥခူရပ်ကွက် အနောက်ပိုင်းတွင် ကင်းပုန်းဝပ် တပ်စွဲထားသော စစ်ကောင်စီ တပ်အင်အား ၇၀ ခန့်အား တော်လှန်ရေးတပ်ဖွဲ့များ ဝင်ရောက်တိုက်ခိုက်ရာ စစ်ကောင်စီတပ်သား လေးဦး သေဆုံးကြောင်း သိရသည်။

ယမန်နေ့ ဖေဖော်ဝါရီလ ၁၆ ရက် ည ၈ နာရီ ၃၀ မိနစ်အချိန်တွင် ဒေါဥခူရပ်ကွက် အနောက်ပိုင်း ငါးကန်ဘောင်များတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်များအား ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ကရင်နီ ဒီမိုကရက်တစ်တပ်ဦး (KDF) ပြန်ကြားရေး တာဝန်ခံ ကပြောသည်။

"စစ်ကောင်စီတပ်တွေ အဲ့ဒီနေရာမှာ ကင်းပုန်းချ တပ်စွဲနေတယ် ဆိုတာကို သတင်းရတာတော့ သုံးရက်လောက်ရှိပြီ၊ အဲ့ဒါ မနေ့ညက ကျွန်တော်တို့ တပ်ဖွဲ့တွေက ရုတ်တရက်ဝင်ပြီး တိုက်ခိုက်ကြတာပါ" ဟု ၎င်းက တိုက်ပွဲစတင် ဖြစ်ပွားပုံကို ပြောသည်။

တော်လှန်ရေးတပ်ဖွဲ့များ ဘက်မှ စတင်ပစ်ခတ်သည်နှင့် အပြန်အလှန် ပစ်ခတ်မှု စတင်တော့သည်။

"ကျွန်တော်တို့ ပေ ၁၀၀ အကွာလောက်ကနေ ပစ်နေကြတာဆိုတော့ သူတို့ဘက်က သေတာကို လှမ်းပြီး မြင်နေရတယ်၊ သူတို့ဘက်ကလည်း လက်နက်ကြီး လက်နက်ငယ်တွေနဲ့ တရစပ်ပစ်ကြတာ လက်နက်ကြီး ၁၀ ချက်လောက်ရှိမယ်" ဟု တိုက်ပွဲပြင်းထန်ပုံကို ၎င်းကပြောသည်။

၁ နာရီကြာ အပြန်အလှန် ပစ်ခတ်ခဲ့သည့် ထိုတိုက်ပွဲတွင် စစ်ကောင်စီတပ်သား လေးဦး သေဆုံးသည်ကို တွေ့ရကြောင်း တိုက်ပွဲဝင် ကရင်နီဒီမိုကရက်တစ်တပ်ဦး (KDF) ရဲဘော်တစ်ဦးက ပြောသည်။

"ကျွန်တော်တို့အစက လက်နက်ပါ ကောက်နိုင်အောင် ကြံထားကြတာ၊ တိုက်ပွဲမှာ လက်နက်ချင်း သိပ်မမျှတော့ လက်နက် မရခဲ့လိုက်ဘူး" ဟု ၎င်းကဆိုသည်။

တိုက်ပွဲအား ကရင်နီပြည်နယ် တော်လှန်ရေး ပူးပေါင်းတပ်များဖြစ်သည့် ကရင်နီ ဒီမိုကရက်တစ်တပ်ဦး (KDF) နှင့် GZ-21 Loikaw pdf မဟာမိတ်ညီနောင် မြို့ပြပြောက်ကျား အဖွဲ့တို့ ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ မဟာမိတ်ညီနောင်များ အထိအခိုက် မရှိ အောင်မြင်စွာ ပြန်လည် ဆုတ်ခွာနိုင်ခဲ့ကြောင်းလည်း KDF က ထုတ်ပြန်ထားသည်။

လွိုင်ကော်တွင် တိုက်ပွဲများ ရပ်တန့်နေသည်မှာ ရသတ္တပတ် ကြာမြင့်ပြီဖြစ်ပြီး ယမန်နေ့ညတွင် တိုက်ပွဲ ပြန်လည် စတင်ခြင်းဖြစ်ကာ တော်လှန်ရေးတပ်ဖွဲ့များ၏ ထုတ်ပြန်ချက်များအား လိုက်နာပေး ကြရန်လည်း ကရင်နီ ဒီမိုကရက်တစ်တပ်ဦး (KDF) က သတင်းစကား ပါးသည်။

ဒေါဦခူရပ်ကွက်တွင် ဒေသခံ ပြည်သူများ နေထိုင်ခြင်း မရှိတော့ပြီ ဖြစ်ကြောင်း သိရသည်။

https://www.mizzimaburmese.com/article/99648

---------------------------------------------------------------------------------------------------------

## စစ်တပ်ပစ်သတ်ခဲ့သည့် ပူတာအိုဒေသခံဇနီးမောင်နှံ အပါအဝင် အပြစ်မဲ့ကျဆုံးပြည်သူ ၁၅၆၀ နီး ပါးရှိလာ

Published By DVB | 17 February, 2022




မြန်မာနိုင်ငံမှာ မတရားအာဏာသိမ်းကာလ ၁ နှစ်ကျော်အကြာ စစ်ကောင်စီတပ်တွေရဲ့ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၁၅၅၇ ယောက်နဲ့ ဖမ်းဆီး ထိန်းသိမ်းခံရသူပေါင်း ၁၂၁၇၃ ယောက်ထိ ရှိလာခဲ့ပြီလို့ နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက် အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ်ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြထားပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၉၁၆၀ ယောက် လက်ရှိချုပ်နှောင်ခံထား ရဆဲဖြစ်ပြီး အဲဒီထဲက ၇၁၁ ယောက်ကတော့ ထောင်ဒဏ်ချမှတ်ခံထားရပါတယ်။

ပြစ်ဒဏ်ကျခံရသူတွေထဲက အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက်အပါအဝင် ၄၅ ယောက်ကတော့ သေဒဏ်ချမှတ်ခံထားရတယ်လို့ ဆိုပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတာကြောင့် တိမ်းရှောင်နေသူ ၁၉၇၄ ယောက်ထဲက မျက်ကွယ် သေဒဏ်ချမှတ်ခြင်းခံထားရသူ ၃၉ ယောက်အပါအဝင် ၁၁၈ ယောက်ကတော့ မျက်ကွယ် ပြစ်ဒဏ်ချခံထားရပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၈၄ ယောက် ရှိပြီဖြစ်ပါတယ်။

ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ ဖတ်မာကျေးရွာက ဇနီးမောင်နှံတွေဖြစ်တဲ့ အားခီဇီပါနဲ့ လီဂျာဒွေတို့ဟာ ဖေဖော်ဝါရီ ၁၅ ရက်ညအချိန်က ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲကြောင့် ဆိုင်ကယ်နဲ့ ထွက်ပြေးနေချိန် စစ်ကောင်စီတပ်က ပစ်သတ်ခဲ့ကြောင်း သိရှိရပါတယ်။ အားခီဇီပါမှာ ရင် ဘတ်ကို ကျည် ၂ ချက်၊ လီဂျာဒွေမှာ ရင်ဘတ်ကို ကျည် ၁ ချက် ထိမှန်ကာ ကျဆုံးသွားခဲ့ကြတာ ဖြစ်ပါတယ်။

ဒါ့အပြင် ဖေဖော်ဝါရီ ၁၁ ရက်ည ၁၁ နာရီလောက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်မှာ ကားနဲ့ဖြတ်လာတဲ့ လူငယ် ၇ ယောက်လောက်ကို စစ်ကောင်စီတပ်ဖွဲ့တွေ ပစ်ခတ်ခဲ့တဲ့အတွက် အသက် ၂၃ နှစ်အရွယ် မတိန်ရောင်ကိုင်ရာမှာ ကျည်ထိမှန်ကာ ကျဆုံးသွားခဲ့ပြီး အမျိုးသမီး နောက်တယောက်မှာ ပေါင်ကို ကျည်ထိမှန်ခဲ့ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ကျန်လူငယ်တွေကိုလည်း ဖမ်းဆီးခဲ့ပြီး သူတို့ရဲ့ ကားကို ရပ်တန့်ခိုင်းရာ ရပ်တန့်ခြင်းမရှိဘဲ ကားမောင်းသွားတဲ့အတွက် ပစ်ခတ်ခဲ့တာဖြစ်တယ်လို့ သိရှိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေစတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော် လှန်ရေးကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကိုသိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီးအချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

http://burmese.dvb.no/archives/517406

----------------------------------------------------------------------------------------------------

## ဒုဗိုလ်ချုပ်ကြီးသန်းလှိုင် ကစထမှူး ရာထူးမှ ဖယ်ရှားခံရ

By ဧရာဝတီ | 17 February 2022

စစ်ကိုင်းတိုင်း မကွေးတိုင်းနှင့် ချင်းပြည်နယ်မှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF များအား နှိမ်နင်းရန် စစ်ဆင်ရေးတာဝန်များကို စစ်တိုင်းမှူးများ အထက်မှနေ၍ စီမံကွပ်ကဲရန် တာဝန်ပေးထားသူ ဒုတိယဗိုလ်ချုပ်ကြီးသန်းလှိုင်အား ကာကွယ်ရေးဝန်ကြီးဌာန အမှတ် ၆ စစ်ဆင်ရေးအထူးအဖွဲ့မှူး (ကစထ-၆) ရာထူးမှ ဖယ်ရှားလိုက်ပြီးဖြစ်ကြောင်း နေပြည်တော်စစ်ရုံးချုပ်တွင်ရှိသော ဧရာဝတီသတင်းရင်းမြစ်များထံမှ သိရသည်။

အခုလို ဒုဗိုလ်ချုပ်ကြီးသန်းလှိုင်အား ကစထ-၆ မှူး ရာထူးမှ ဖယ်ရှားလိုက်ခြင်းသည် စစ်ကိုင်း မကွေးတိုင်းနှင့် ချင်းပြည်နယ်ကို ထိန်းချုပ်သော အနောက်မြောက်တိုင်း (နမခ) စစ်ဌာနချုပ်၏ စစ်ဆင်ရေးများ မအောင်မြင်ကြောင်း ပြသနေသကဲ့သို့ ဖြစ်သည်။

စစ်အာဏာသိမ်းပြီးသည့်အချိန်က စ၍ စစ်တက္ကသိုလ်အပတ်စဉ် ၂၉ (DSA-29) သင်တန်းဆင်း ဒုဗိုလ်ချုပ်ကြီးသန်းလှိုင်သည် ခေါင်းမာဂိုဏ်းသားတဦးအဖြစ် နာမည်ကြီးပြီး ပြည်ထဲရေးဒုဝန်ကြီး ရဲချုပ်နှင့် ကစထ-၆ မှူး တာဝန်ပေးအပ်ခံခဲ့ရသည်။

ထို့နောက် စစ်ကိုင်းတိုင်း မကွေးတိုင်းနှင့် ချင်းပြည်နယ်တွင် အနော်ရထာ၊ အလောင်းမင်းတရား စသည့် စစ်ဆင်ရေးအမည်များဖြင့် PDF များအားနှိမ်နင်းရန် တာဝန်ပေးခံရပြီး မုံရွာမြို့အခြေစိုက် နမခ စစ်ဌာနချုပ်တွင် နေထိုင်ကာ စစ်ဆင်ရေးများအား အနီးကပ်ကွပ်ကဲစေခဲ့သည်။

သို့ရာတွင် ၎င်းတာဝန်ယူပြီးနောက်ပိုင်းတွင်လည်း လက်နက်ကိုင်ပုန်ကန်နေမှုများ ကျဆင်းမသွားဘဲ လတ်တလော စစ်တပ်က အရပ်သားများကို သတ်ဖြတ်မှုများနှင့် ကျေးရွာများအား မီးလောင်တိုက်သွင်းမှုများသာ ပိုတိုးလာခဲ့သည်။

ထိုသို့ နမခတိုင်းအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပြည်သူများအား သတ်ဖြတ်နေခြင်းနှင့် ကျေးရွာများအား မီးရှို့နေသည်များအား ဒုဗိုလ်ချုပ်ကြီးသန်းလှိုင်၏ မိသားစုဝင်များက မကြိုက်နှစ်သက်သဖြင့် ထိုအလုပ်မှ အနားယူရန် မကြာခဏ တိုက်တွန်းပြောဆိုမှုများ ရှိသည်ဟု မိသားဝင်များနှင့် နီးစပ်သူများက ဧရာဝတီကို ပြောသည်။

ဒု ဗိုလ်ချုပ်ကြီး သန်းလှိုင်သည် ညီအရင်းကိုပင် သတ်ဖြတ်ခဲ့သည်ဟုပင် နာမည်ဆိုးဖြင့် ကျော်ကြားသည်။ သူ၏ ညီအရင်းဖြစ်သူ ကိုမဲကြီး(ခ) ကိုစိုးမိုးလှိုင်မှာ သူကွပ်ကဲသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးမှုကို ခံရပြီးနောက် စစ်ကြောရေးတွင် ၂၀၂၁ ခုနှစ် မေလ ၂၄ ရက် ညပိုင်းက နှိပ်စက်ညှင်းပမ်းသော ဒဏ်ဖြင့် သေဆုံးခဲ့ရသည်။

ကိုမဲကြီးသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF) တပ်ရင်း ၁၀၂ (ဘုရားသုံးဆူ) တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ တဦးဖြစ်ပြီး ပြည်တွင်းသို့ ပြန်လည် ဝင်ရောက်လာပြီးနောက် ၁၉၉၁ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဒေါ်အောင်ဆန်းစုကြည် နိုဘယ်ဆုရရှိခြင်းအပေါ် ထောက်ခံဆန္ဒပြရာတွင် ပါဝင်သည့်အတွက် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခံခဲ့ရသည့် နိုင်ငံရေး အကျဉ်းသားဟောင်း တဦးလည်းဖြစ်သည်။

ဖယ်ရှားလိုက်သော ကစထ-၆ မှူး တာဝန်အား ဒုဗိုလ်ချုပ်ကြီးသန်းထွန်းဦးအား တာဝန်ပေးထားကြောင်း စစ်ရုံးချုပ်တွင်ရှိသော ဧရာဝတီသတင်းရင်းမြစ်များက ဆိုသည်။ ဒုဗိုလ်ချုပ်ကြီးသန်းလှိုင်အား ကစထမှူးရာထူးမှ ဖယ်ရှားလိုက်သော်လည်း ပြည်ထဲရေး ဒုဝန်ကြီးတာဝန်နှင့် ရဲချုပ်တာဝန်များကမူ ဆက်လက်တာဝန်ပေးထားကြောင်း စုံစမ်းသိရှိရသည်။

မြန်မာစစ်တပ်တွင် နောက်ထပ်ရာထူးတဆင့်တိုးပေးရန် လျာထားသူများအား ကစထမှူး တာဝန်ပေးထားလေ့ရှိသောကြောင့် ယခုလို ဒု ဗိုလ်ချုပ်ကြီး သန်းလှိုင် ဖယ်ရှားခံ ထိခြင်းသည် အာဏာသိမ်း စစ်အုပ်စုအတွင်း ရှေ့လျှောက် ရာထူးတက်နိုင်သည်ဟု ယူဆထားသော ခေါင်းမာဂိုဏ်းသားတဦး ခေါင်းကျိုးသွားခြင်းအဖြစ်လည်း ကောက်ယူရှုမြင်နေကြသည်။

စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်မှ စစ်ကောင်စီကို ဆန့်ကျင်ပုန်ကန်နေသည့် PDF တပ်ဖွဲ့ဝင်များအား မနိမ်နှင်းနိုင်သည့်အတွက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဖြိုးသန့်ကိုလည်း မကြာသေးခင်က ရာထူးမှ ဖယ်ရှားခဲ့သည်။

https://burma.irrawaddy.com/news/2022/02/17/249976.html

----------------------------------------------------------------------------------------------------

## ရွေးကောက်ပွဲ၌ တရားမျှတမှုနှင့် ခြိမ်းခြောက်မှုမရှိစေရေးအတွက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် လိုအပ်သောကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်နေကြောင်း နစကဥက္ကဋ္ဌ ပြောကြား

Published 17 February 2022



ရွေးကောက်ပွဲ၌ တရားမျှတမှုနှင့် ခြိမ်းခြောက်မှုမရှိစေရေး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်လိုအပ်သဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် ဆောင်ရွက်နေကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ် ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီ ၁၆ ရက်က တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ မိုင်း ခတ်တပ်နယ်နှင့် မိုင်းယောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား သီး ခြားစီ တွေ့ဆုံမှုတွင် ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်ရုံးက သတင်းထုတ်ပြန်သည်။

လွတ်လပ်ပြီး တရားမျှတသည့် ရွေး ကောက်ပွဲကျင်းပနိုင်ရန်အတွက် တည်ငြိမ် အေးချမ်းမှုရှိရန်လိုအပ်ကြောင်း၊ ပြည်သူ လူထုတစ်ရပ်လုံးက မည်သည့်ပုံစံနှင့်မဆို ခြိမ်းခြောက်ခံရမှုမရှိဘဲ မိမိတို့ဆန္ဒအတိုင်း မဲပေးနိုင်ရန်လိုအပ်ကြောင်း၊ လာမည့် ရွေး ကောက်ပွဲသည် အထွေထွေရွေးကောက်ပွဲ ဖြစ်သဖြင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ကျင်းပနိုင်ရမည်ဖြစ်ပြီး မြို့နယ်အားလုံး၌ ရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတစွာ ကျင်းပပြုလုပ်နိုင်ရမည်ဖြစ်ကြောင်း တပ်မ တော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြား သည်။

ယင်းလုပ်ငန်းစဉ်အတွက် လက်နက် ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်လိုအပ်သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အားသွန်ခွန် စိုက် ဆောင်ရွက်နေပြီး နိုင်ငံရေးနှင့် လုံခြုံရေး အရ အမြန်ဆုံးတည်ငြိမ်မှုရရှိရေး ကြိုးပမ်း ဆောင်ရွက်နေကြောင်း တပ်မတော်ကာကွယ် ရေးဦးစီးချုပ်က ပြောကြားသည်။

ငြိမ်းချမ်းရေးရရှိရန်အတွက် ပစ်ခတ် တိုက်ခိုက်မှုများ ရပ်စဲပေးထားပြီး ငြိမ်းချမ်း ရေးဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရေး ဖိတ် ခေါ်ဆောင်ရွက်ထားကြောင်း၊ ပြည်တွင်းငြိမ်း ချမ်းရေးရရှိရေးအတွက် နိုင်ငံတော်စီမံအုပ် ချုပ်ရေးကောင်စီအနေဖြင့် အလေးထား ကြိုး ပမ်းဆောင်ရွက်နေပြီး ဖက်ဒရယ်နှင့် ဒီမိုက ရေစီစနစ်ကိုအခြေခံသည့် ပြည်ထောင်စု စနစ်ကို ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားသည်။

ထို့ပြင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ မဲမသမာမှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံ ရေးပြဿနာများအပေါ် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အခွင့်အရေးယူ၍ ဆောင်ရွက်မှုများ ရှိနေကြောင်းလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားသည်။

မဲစာရင်းများယွင်းမှုနှင့်ပတ်သက်၍ တပ်မတော်က ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာတွင် စတင်ကြေညာခဲ့ပြီး အဆိုပါမှားယွင်းမှုများ အား ဖြေရှင်းပေးရန် အကြိမ်ကြိမ် ပြောကြား ခဲ့သော်လည်း NLD အစိုးရအနေဖြင့် ဖြေရှင်းပေးမှု မရှိဘဲ လွှတ်တော်ခေါ်ယူရေး ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံရေးအရ အရေးပေါ် အခြေအနေကြေညာပြီး မလွဲမရှောင်သာဘဲ နိုင်ငံတော်တာဝန်အား ရယူခဲ့ရခြင်းဖြစ်သည် ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားသည်။

ယခင် တပ်မတော်အစိုးရ အုပ်ချုပ်စဉ် ကာလအတွင်း ပြည်သူတစ်ရပ်လုံး လိုလား တောင့်တနေသည့် ပါတီစုံဒီမိုကရေစီလမ်း ကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး ပုံဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင်  အထွေထွေရွေးကောက်ပွဲ ကျင်းပပေးနိုင်ခဲ့ ကြောင်း၊ ထို့နောက် NLD ပါတီ ရွေးကောက်ပွဲ သို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် NLD အနိုင်ရရှိပြီး အစိုးရဖြစ်လာကြောင်း၊ NLD အစိုးရ အုပ်ချုပ်စဉ် အစောပိုင်းကာလ အတွင်း၌ပင် ဥပဒေကို လက်တစ်လုံးခြား ဆောင်ရွက်မှုများ စတင်လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပြောကြားသည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင် ရွက်ရာတွင်လည်း NLD အစိုးရအဖြစ် တာဝန် မထမ်းဆောင်မီအချိန်၌NCA လက်မှတ်ရေး ထိုးခြင်းမပြုရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို တိုက်တွန်းခဲ့ခြင်းများ ရှိ သကဲ့သို့ ၎င်းတို့ တာဝန်ယူထမ်းဆောင်ချိန် တွင်လည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုအပိုင်း ၌ အားနည်းခဲ့သည်ကို တွေ့ရှိရကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားသည်။

https://news-eleven.com/article/225906

---------------------------------------------------------------------------------------------------

## စစ်တပ်နဲ့ စီးပွားရေး လုပ်ကိုင်နေတာတွေ ရပ်ဖို့ အာဆီယံကို Justice for Myanmar တိုက်တွန်း

2022.02.17




၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပနေသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ပထမနေ့ မြင်ကွင်း။ Photo: Reuters

အာဏာသိမ်းထားတဲ့ မြန်မာစစ်တပ်နဲ့ စီးပွားရေးလုပ်ကိုင်နေတာ တွေကို ရပ်တန့်ကြဖို့ Justice for Myanmar အဖွဲ့က အာဆီယံ

ခေါင်းဆောင်တွေကို တိုက်တွန်းလိုက်ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံမှာ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးတွေ စတင်ကျင်းပနေချိန် ဖေဖော်ဝါရီလ ၁၇ ရက် ဒီကနေ့မှာ Justice for Myanmar က ကြေညာချက် ထုတ်ပြန်တာဖြစ်ပါတယ်။

အာဆီယံနိုင်ငံတွေဟာ အာဏာသိမ်း စစ်ကောင်စီကို စီးပွားရေး ပိတ်ဆို့အရေးယူဖို့ ပျက်ကွက်နေတဲ့အပြင် စစ်ကောင်စီနဲ့ရော စစ်ကောင်စီ လက်ဝယ်ခံတွေနဲ့ပါ စီးပွားရေးလုပ်နေတယ်လို့ ဆိုပါတယ်။

Justice for Myanmar က ထုတ်ပြန်တဲ့ စစ်ကောင်စီနဲ့ စီးပွားရေး လုပ်နေတယ်ဆိုတဲ့ အာဆီယံနိုင်ငံက ကုမ္ပဏီတွေကတော့ ... အင်ဒိုနီးရှားရဲ့ စစ်သုံးပစ္စည်းထုတ် PT Pindad, ထိုင်းနိုင်ငံက PTT, Mytel နဲ့ ချိတ်ဆက်နေတဲ့ ဗီယက်နမ်က Viettel Global, ဖိလစ်ပိုင် လက်နက်ထုတ်စက်ရုံ UDMC, ကမ္ဘောဒီးယားနိုင်ငံသားပိုင် Yatai City project စင်ကာပူနိုင်ငံက ETC တို့လို ကုမ္ပဏီတွေဖြစ်တယ်လို့ ထုတ်ပြန်ချက်မှာပါပါတယ်။

စစ်ကောင်စီကို လက်နက်ပစ္စည်းထောက်ပံ့တာတွေကိုလည်း ရပ်တန့်ဖို့ တောင်းဆိုပါတယ်။

အာဆီယံနဲ့ မိတ်ဖက်တွေဖြစ်တဲ့ ဩစတေးလျ၊ ဂျပန်၊ တောင်ကိုးရီးယား၊ ယူကေ၊ ကနေဒါ၊ ဥရောပသမဂ္ဂအပါအဝင် တခြားနိုင်ငံတွေကလည်း အာဆီယံအစိုးရတွေကို ဖိအားပေးဖို့ Justice for Myanmar က တောင်းဆိုပါတယ်။

Justice For Myanmar အဖွဲ့ဟာ မြန်မာပြည်သူတွေ တရားမျှတမှုနဲ့ တာဝန်ခံမှု ရရှိစေဖို့ လှုပ်ရှားနေတဲ့ အဖွဲ့တစ်ဖွဲ့ ဖြစ်ပါတယ်။

https://www.rfa.org/burmese/news/justice-for-myanmar-statement-on-asean-meeting-day-one-02172022103751.html

-----------------------------------------------------------------------------------------------------

## မြန်မာ့နိုင်ငံရေး အကျပ်အတည်းကို ဖြေရှင်းရေးနှင့် ပတ်သက်၍ လက်လျှော့လိုက်ပြီ ဖြစ်ကြောင်း အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန် ဝန်ခံပြောကြား

Published 17 February 2022



Photo: AFP

မြန်မာ့နိုင်ငံရေး အကျပ်အတည်းကို ဖြေရှင်းရေးနှင့်ပတ်သက်၍ လက်လျှော့လိုက်ပြီဖြစ်ကြောင်း အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ဖေဖော်ဝါရီ ၁၆ ရက်တွင် ဝန်ခံပြောဆိုခဲ့သည်ဟု သိရသည်။

အာဆီယံ အလှည့်ကျဥက္ကဋ္ဌရာထူးကို တာဝန်ယူခဲ့သည်မှာ တစ်လခွဲခန့်သာ ရှိသေးသော်လည်း နစကအစိုးရသည် နိုင်ငံ၏ အခြေအနေကို ကိုင်တွယ်ဖြေရှင်းရာတွင် တိုးတက်မှုမရှိခဲ့ကြောင်းနှင့် ၎င်း၏ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ လက်ကျန်သက်တမ်းအတွင်း ယင်းကဲ့သို့ ဖြစ်လာနိုင်ဖွယ်မရှိကြောင်းလည်း ဟွန်ဆန်က ပြောကြားခဲ့သည်။

"ကျွန်တော့်ရဲ့အခြေအနေက ဆုပ်လည်းစူး စားလည်းရူးဆိုတဲ့ အခြေအနေပါပဲ" ဟု ဖေဖော်ဝါရီ ၁၆ ရက်က ကရာတီပြည်နယ်တွင်ပြုလုပ်ခဲ့သည့် တံတားဖွင့်ပွဲတစ်ခုတွင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ဂျပန်သံအမတ် ကြီး မိခါမိမာဆာဟီရို အပါအဝင် ဂုဏ်သရေ ရှိ ဧည့်သည်တော်များရှေ့မှောက်တွင် ဟွန် ဆန်က ပြောကြားသည်။

"သူတို့ကိုယ်တိုင်က အဲဒီလိုလုပ်ဖို့ ဆန္ဒ မရှိဘူးဆိုရင် ကျွန်တော်တို့အနေနဲ့ စိုးရိမ်ဖို့ မလိုတော့ပါဘူး" ဟုလည်း ၎င်းက ဆိုသည်။

၎င်း၏ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ရာထူးသက်တမ်း ကုန်ဆုံးရန် နောက်ထပ် ၁၀ လနှင့် ၁၄ ရက်သာ လိုတော့ကြောင်းနှင့် လာမည့် အာဆီယံဥက္ကဋ္ဌအနေဖြင့် ခက်ခဲသည့် အဆိုပါကိစ္စရပ်ကို ဂရုတစိုက် ကိုင်တွယ်ရမည်ဖြစ်ကြောင်းလည်း ၎င်းက အကြံပြုခဲ့သည်။

မြန်မာနိုင်ငံတွင် တပ်မတော်က အာဏာထိန်းသိမ်းခဲ့ပြီးနောက်ပိုင်း ပြည်ပခေါင်း ဆောင်တစ်ဦး၏ ပထမဆုံး ခရီးစဉ်အဖြစ် ဇန်နဝါရီ ၇ ရက်မှ ၈ ရက်အထိ မြန်မာနိုင်ငံ သို့ သွားရောက်ခဲ့ပြီးနောက်တွင် ဝန်ကြီးချုပ် ဟွန်ဆန်က ယင်းကဲ့သို့ မှတ်ချက်ပေးခဲ့ခြင်း ဖြစ်သည်။

ယမန်နှစ်တွင် သဘောတူညီခဲ့သည့် အာဆီယံ ဘုံသဘောတူညီချက် ငါးရပ်ကို အကောင်အထည်ဖော်ရန် မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်း အောင်လှိုင်ကို တိုက်တွန်းခဲ့သည့် ဗီဒီယိုကွန်ဖရင့်စ်ဖြင့် ဆွေးနွေးမှုအပြီး သီတင်းပတ် နှစ် ပတ်ခန့်အကြာတွင် ဟွန်ဆန်က မြန်မာနိုင်ငံ သို့ သွားရောက်ခဲ့ခြင်းလည်းဖြစ်သည်။

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အ စည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ ကိုယ်စား လှယ် စေလွှတ်မည်မဟုတ်ဟု သတင်းများ ထွက်ပေါ်နေချိန်တွင် ဟွန်ဆန်၏ မှတ်ချက် စကား ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အာဆီယံ ဘုံသဘောတူညီချက် ငါးရပ် ကို အပြည့်အဝလိုက်နာရန် ပျက်ကွက်ခဲ့သည့် အတွက် အောက်တိုဘာ ၁၅ ရက်နောက်ပိုင်း နစကအစိုးရမှ ထိပ်ပိုင်းတာဝန်ရှိသူများကို အာဆီယံက ပိတ်ပင်ထားခဲ့သည်။

ပြီးခဲ့သည့်နှစ် ဧပြီလအတွင်း အင်ဒိုနီး ရှားနိုင်ငံ ဂျာကာတာမြို့တွင် ပြုလုပ်ခဲ့သည့် မြန်မာ့အရေး အာဆီယံအထူးအစည်းအဝေး တွင် အာဆီယံခေါင်းဆောင်များနှင့် တွေ့ဆုံ ခဲ့ချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဆိုပါ ဘုံသဘောတူညီချက်များနှင့်ပတ်သက်၍ သဘောတူညီခဲ့သည်။

အာဆီယံ ဘုံသဘောတူညီချက် ငါးရပ်တွင် အကြမ်းဖက်မှုများကို ရပ်တန့်ရေး၊ တပ်မတော်နှင့် ဖြုတ်ချခံ NLD အစိုးရအကြား စေ့စပ်ဆွေးနွေးရေး၊ အာဆီယံ အထူးကိုယ် စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင် ငံသို့ သွားရောက်ကာ သက်ဆိုင်သူအားလုံး နှင့် တွေ့ဆုံရေး အစရှိသည့် အချက်များပါ ဝင်နေသည်။

ဟွန်ဆန်အနေဖြင့် ပြီးခဲ့သည့်လတွင် မြန်မာနိုင်ငံသို့ သွားရောက်ခဲ့စဉ်က NLD ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နှင့် တွေ့ဆုံနိုင်ခဲ့ခြင်း မရှိသည့်အချက် အပါ အဝင် မြန်မာ့အရေးကို ကိုင်တွယ်ဖြေရှင်းရာ တွင် အားနည်းချက်များ ရှိခဲ့ကြောင်း ကမ္ဘောဒီးယား၏ နိုင်ငံရေး ဝေဖန်သုံးသပ်သူ အမ် ဆိုဗန်နရီက RFA(ခမာ) သတင်းဌာနသို့ ပြောကြားခဲ့သည်။

သို့ရာတွင် အာဆီယံ အထူးကိုယ်စား လှယ်အနေဖြင့် ယခုနှစ် နှောင်းပိုင်း၌ မြန်မာ နိုင်ငံသို့ သွားရောက်ရန် စီစဉ်နေရာ မျှော်လင့် ချက်ကင်းမဲ့နေသည့် အခြေအနေမျိုးတော့ မဟုတ်ကြောင်းလည်း ၎င်းက အရိပ်အမြွက် ပြောဆိုခဲ့သည်။

"ဒါက လုံးဝကို ရှေ့မတိုးသာ နောက်မ ဆုတ်သာ အခြေအနေမျိုး မဟုတ်သေးပါဘူး။ တခြားနည်းလမ်း တစ်မျိုးနဲ့ စပြီးကြိုးစားကြည့် ကြပါစို့။ ကျွန်တော်တို့ ဆက်ပြီးကြိုးစားမယ်ဆို ရင် ဒါကို ပွဲပြီးသွားပြီလို့ မဆိုနိုင်ပါဘူး" ဟု လည်း ၎င်းက ပြောကြားခဲ့သည်။

https://news-eleven.com/article/225903

-----------------------------------------------------------------------------------------------------

# မြန်မာခရီးစဉ်အတွင်း NUG နဲ့ တွေ့ခွင့်ရဖို့ အာဆီယံ အထူးသံတမန်မျှော်လင့်

2022.02.17




အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး Photo - reuters

မြန်မာနိုင်ငံ ခရီးစဉ်အတွင်း အမျိုးသားညီညွတ်ရေး အစိုးရ NUG အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံစကားပြောခွင့်ပေးဖို့ စစ်ကောင်စီကို မေတ္တာရပ်ခံထားတယ်လို့ အာဆီယံအထူးသံတမန်က ဖေဖော်ဝါရီလ ၁၇ ရက် ဒီကနေ့ ပြောဆိုလိုက်ပါတယ်။

အာဆီယံ အထူးသံတမန်အဖြစ် ခန့်အပ်ခံထားရတဲ့ ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး Prak Sokhonn က သူ့ရဲ့ မြန်မာပြည်ခရီးစဉ်ကို နောက်လထဲမှာ စတင်မယ်လို့ ဒီကနေ့ ကြေညာလိုက်ပြီး တချိန်တည်းမှာပဲ အခုလိုပြောဆိုလိုက်တာလို့ Reuters သတင်းမှာ ဖော်ပြပါတယ်။

"နေပြည်တော်(စစ်ကောင်စီ)က NUG နဲ့ တိုက်ရိုက် စကားမပြောဘူးဆိုရင် အာဆီယံသံကို ပေါင်းကူးတံတားအဖြစ် ကြားဝင်ခွင့် ပေးဖို့လိုတယ်၊ ဒါပေမဲ့ ဒီလိုဆောင်ရွက်တဲ့အခါမှာ နေပြည်တော်(စစ်ကောင်စီ)နဲ့ကြားမှာ သဘောထားကွဲလွဲတာမျိုး မဖြစ်ဖို့လည်းလိုတယ်" လို့ Prak Sokhonn က ဒီကနေ့ စတင်တဲ့ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးတွေ အစည်းအဝေး အပြီးမှာ သတင်းထောက်တွေကို ပြောပါတယ်။

စစ်ကောင်စီက NUG ကို "အကြမ်းဖက်အဖွဲ့" လို့ တံဆိပ်ကပ်ထားတာကြောင့် အာဆီယံအနေနဲ့ အခုထိ NUG နဲ့ ဆက်သွယ်တာမျိုးမရှိသေးဘူးလို့လည်း ဆိုပါတယ်။

ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး Prak Sokhonn ဟာ မြန်မာနိုင်ငံကို နောက်လမှာ လာဖို့ပြင်ဆင်နေတာပါ။

Prak Sokhonn မတိုင်ခင် ဘရူနိုင်းနိုင်ငံက ခန့်အပ်ခဲ့တဲ့ အာဆီယံ အထူးကိုယ်စားလှယ်ဟောင်း Erywon Yusof လက်ထက်မှာတော့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် သက်ဆိုင်သူတွေနဲ့ စစ်ကောင်စီက တွေ့ခွင့်မပေးတာကြောင့် မြန်မာနိုင်ငံကို လာခါနီးမှာ ခရီးစဉ် ပျက်ခဲ့ပါတယ်။

မြန်မာစစ်ကောင်စီ လက်မခံနိုင်တဲ့ အခြေအနေတချို့ကို အာဆီယံနိုင်ငံတွေက တောင်းဆိုတာတွေရှိခဲ့လို့ အခုလိုဖြစ်ခဲ့တာလို့ Prak Sokhonn က ပြောပါတယ်။

အာဆီယံ ဥက္ကဋ္ဌဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံအနေနဲ့ကတော့ မြန်မာစစ်ကောင်စီနဲ့ကြား ယုံကြည်မှုတည်ဆောက်ပြီး ဆက်လက်ဆောင်ရွက်သွားမယ်လို့ဆိုပါတယ်။

စစ်ကောင်စီဘက်ကတော့ ကမ္ဘောဒီးယားနိုင်ငံခန့် အာဆီယံ သံတမန်သစ်ခရီးစဉ်အတွင်း ပူးပေါင်းဆောင်ရွက်မယ်လို့ အရင်ကပြောဆိုထားပါတယ်။ NUG အစိုးရနဲ့ တွေ့ခွင့်ပေး၊ မပေးဆိုတာကိုတော့ စစ်ကောင်စီဘက်က ဘာမှပြောဆိုတာမရှိသေးပါဘူး။

တချိန်တည်းမှာပဲ မလေးရှားဝန်ကြီးချုပ် Saifuddin Abdullah ကလည်း အာဆီယံ အထူးသံတမန်ရဲ့ ခရီးစဉ်ကို ကြိုဆိုကြောင်းနဲ့ NUG အစိုးရနဲ့ တွေ့ဆုံဖို့ တိုက်တွန်းကြောင်း သူ့ရဲ့ Facebook မှာရေးသားခဲ့ပါတယ်။

https://www.rfa.org/burmese/news/asean-envoy-trip-myanmar-junta-nug-02172022075145.html

------------------------------------------------------------------------------------------------

## ဖလူးဒေသတိုက်ပွဲအတွင်း စစ်ကောင်စီဘက်မှ ၁၀ ဦးထက်မနည်းကျဆုံးပြီး လက်နက်ကြီးငယ်အချို့ KNLA သိမ်းဆည်းရရှိ

**ဖေဖော်ဝါရီ ၁၇ ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ**



Photo: CJ

ယမန်နေ့က ဖလူးဒေသတွင်ဖြစ်ပွားခဲ့သည့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA ပူးပေါင်းတပ် ဖွဲ့နှင့် စစ်ကောင်စီ၊ နယ်ခြားစောင့်တပ် (BGF) ပူးပေါင်းတပ်ဖွဲ့အကြားတိုက်ပွဲတွင် စစ်ကောင်စီဘက်မှ ၁၀ ဦး ထက်မနည်းကျဆုံးကာ လက်နက်ကြီးငယ်တချို့ကို သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဆင်ရေးကို ဦးဆောင်သူ တပ်မှူး တစ်ဦးက ကေအိုင်စီသို့ ပြောသည်။

စစ်ဆင်ရေးဦးဆောင်သူ KNLA ပူးပေါင်းတပ်ဖွဲ့မှ တပ်မှူးဗိုလ်ကြီး စောဒါဘောက “သူတို့ဘက်က သေတာကတော့ အတိအကျတော့မသိရသေးဘူး။ ဒါပေမဲ့ ခန့်မှန်းမိသလောက်တော့ ၁၀ယောက်တော့ ကျော်တယ်။ ကျနော်တို့ တက်ပစ်တာ အဲ့မှာတော်တော်များထိတာပဲ။ တချို့က အလောင်းပြန် ကောက်သွားနိုင်တယ်တော့ အကုန်မတွေ့ လိုက်ရဘူး။”ဟု ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် စစ်ကောင်စီနှင့် BGF ပူးပေါင်းတပ်များခြေကုပ်ရယူထားသော လက်နက်ကြီးပစ် စခန်းကုန်းအပါအဝင် ဖလူးဒေသတစ်ခုလုံးကို တက်ရောက်ရှင်းလင်းခဲ့ရာတွင် ၆၀ မမ၊ RPG နှစ်လက်၊ လက်နက်ငယ် နှစ်လက်နှင့် ကျည်ဆံများ၊ လက်နက်ကြီးကျည်များသိမ်းဆည်းရမိသည်ဟု KNLA ပူးပေါင်းတပ်ဖွဲ့ဘက်က ပြောသည်။

ဒေသခံ ပြည်သူများပြောင်းချိုးရာသီဖြစ်၍ ပြောင်းပြန်ချိုးမည့် ဒေသခံစစ်ဘေးရှောင်များအပေါ် ဖလူးဒေသတွင် ခြေကုပ်နေရာယူထားသည့် စစ်ကောင်စီတပ်နှင့် BGF တပ်ဖွဲ့ဝင်များက ပြန်လည်ဝင်ရောက် လုပ်ကိုင်ခွင့်မပေးဘဲ ပိတ်ပင်တားမြစ်မှုများပြုလုပ်ခြင်းအပေါ် KNLA ပူးပေါင်းတပ်ဖွဲ့ဝင်များမှ နယ်မြေဝင်ရောက်ရှင်းလင်းမှုပြုလုပ်ခဲ့ ခြင်းဖြစ်သည်ဟု ဗိုလ်ကြီး စောဒါဘောက ဆက်ပြောသည်။

“ကျနော်က သွားပစ်ချင်လို့ ပစ်တာမဟုတ်ဘူး။ အဲ့မှာ ပြောင်းခင်းလုပ်နေတဲ့ ဒေသခံတွေကို ပေးမလုပ်ဘူး။ လိုက် ပိတ်ထားတာ။ ရွာသားတွေက လာပြောတော့ ကျနော်လည်း တက်ရှင်းပေးတာပေါ့။ အဲ့ကုန်းက BGF ပဲ အနေများ တာ။ ကျနော်သူတို့ကို ပြောတယ်။ ကျနော့်ကို မပစ်နဲ့ ပြန်ဆင်းလို့ စစ်တပ်ပဲထားခဲ့လိုက်၊ စစ်တပ်ပဲ ဝင်ပစ်မယ်လို့ ပြောသေးတယ်။ သူတို့က မပြန်ဘဲ ကျနော်တို့ကို တစ်နေကုန်ပစ်နေတော့ ပြန်ပစ်ရတာပေါ့။”ဟု ဗိုလ်ကြီးစောဒါဘောက ပြောသည်။



Photo: CJ

အဆိုပါတိုက်ပွဲတွင် စစ်ကောင်စီဘက်မှ ထိခိုက်ကျဆုံးမှုရှိသော်လည်း ၎င်းတို့ပူးပေါင်းတပ်ဖွဲ့ဝင်ဘက်တွင်မူ တပ်ဖွဲ့ဝင်တချို့ အနည်းငယ်ထိခိုက်ဒဏ်ရာရရှိမှုမှလွဲ၍ ကျဆုံးသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း KNLA ပူးပေါင်းတပ်ဖွဲ့ဘက်က ပြောသည်။

ယမန်နေ့ တိုက်ပွဲ ဖြစ်ပွားရာ နေရာများတွင် မွန်းလွဲ ၃ နာရီအချိန်ခန့်က စစ်ကောင်စီဘက်မှ ရဟတ်ယာဉ် ၂ စီးဖြင့် လာရောက် ပစ်ခတ်ခဲ့မှုများ လုပ်ဆောင်သွားသဖြင့် ဒေသခံအမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သလို

ဘုရား ကျောင်းနှင့် လူနေအိမ်အဆောက်အဦးအချို့လည်း ထိခိုက်ပျက်စီးမှုရှိသည်ဟု ကျေးရွာတာဝန်ရှိသူများက ပြောသည်။

ထိုတိုက်ပွဲကြောင့် စစ်ဘေးရှောင် နေရသူများ ထိုင်းနိုင်ငံဘက်အခြမ်းသို့ကူးကာ တိမ်းရှောင်နေကြရပြန်ပြီး လက်ရှိအချိန်တွင် အချိန်အခါ မဟုတ် မိုးရွာသွန်းနေသည့်အတွက် အမိုးအကာ နှင့် နေရာထိုင်ခင်း အခက်အခဲများရှိနေကြောင်း ကူညီကယ်ဆယ်ရေးလုပ်ဆောင်နေသူများ၏ ပြောပြချက်အရ သိရသည်။

ယမန်နေ့တိုက်ပွဲအပြီး စစ်ကောင်စီဘက်မှ လေယာဥ်ဖြင့် ပြန်လည်းတုန့်ပြန်ပစ်ခတ်ခဲ့သော်လည်း ယနေ့ဖေဖော် ဝါရီလ ၁၇ ရက်နေ့တွင်မူ တိုက်ပွဲဖြစ်ပွားခြင်းမရှိသေးဘဲ အခြေအနေ တည်ငြိမ်နေသေးကြောင်းနှင့် စစ်ကောင်စီ ဘက်မှ တပ်အင်အား အပြည့်ဖြင့် ပြန်လည်ဝင်ရောက်မည်ဟု သတင်းများရရှိထားသော်လည်း ဝင်ရောက်လာခြင်း မရှိသေးကြောင်း မြေပြင်သတင်းများအရ သိရသည်။

https://kicnews.org/2022/02/ဖလူးဒေသတိုက်ပွဲအတွင်း-စ/

-----------------------------------------------------------------------------------------------

## မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသတွင် PNLO နှင့် RCSS တိုက်ပွဲဖြစ်

Published By DVB | 17 February, 2022

ရှမ်းပြည်နယ်၊ မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသမှာ ဖေဖော်ဝါရီ ၁၆ရက် မနက်က ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် PNLO နဲ့ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS တို့ တိုက်ပွဲတွေ ဖြစ်ပွါးခဲ့ပါတယ်။

PNLO ရဲ့ ထိန်းချုပ်ဒေသဖြစ်တဲ့ မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသ၊ ရန်ကင်းရွာကို RCSS တပ်တွေက ဝင်ရောက်တဲ့အတွက် မနက် ၉ နာရီ ၄၅ မနစ်လောက်ကကစပြီး ပစ်ခတ်မှုတွေ ဖြစ်ပွါးခဲ့ရတာလို့ PNLO က ထုတ်ပြန်ပါတယ်။

တိုက်ပွဲဟာ နှစ်နာရီကျော်ကြာ ဖြစ်ပွါးခဲ့ပြီး နှစ်ဖက် ထိခိုက်ဒဏ်ရာရရှိမှုတွေကို အသေးစိတ် မသိရသေးပါဘူး။

PNLO နဲ့ RCSS ကြား နယ်မြေအငြင်းပွါးမှုတွေကြောင့် ၂၀၁၇ ခုနှစ်မှာ ထိတွေ့တိုက်ပွဲတွေ ရှိခဲ့ပေမဲ့ တိုက်ပွဲမဖြစ်တာကြာနေပြီ ဖြစ်ပါတယ်။

လက်ရှိ ကဒူးကြီးဒေသမှာ ကရင်နီပြည်က စစ်ဘေးရှောင် တချို့ခိုလှုံနေကြပြီး တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွါးလာမှာကို ဒေသခံတွေ စိုးရိမ်နေကြပါတယ်။

PLNO နဲ့ RCSS နှစ်ဖွဲ့လုံးက ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၅ အောက်တိုဘာ ၁၅ မှာ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်   NCA ထိုးထားတဲ့ အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။

http://burmese.dvb.no/archives/517455

----------------------------------------------------------------------------------------------------

## စစ်အာဏာသိမ်းခေါင်းဆောင် ကျိုင်းတုံဟော်နန်းပုံတူ ကျပ်သိန်း လေးသောင်းကျော် ကုန်ကျခံ ပြန်တည်ဆောက်မည်

By SHAN - February 17, 2022

သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံမြို့ ဟော်နန်းပုံတူကို ပြန်လည်တည်ဆောက်ရန် စစ်အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်က သိန်းပေါင်း လေးသောင်းကျော် ကုန်ကျခံမည် ဟု သတင်းရရှိသည်။



စစ်အာဏာသိမ်းခေါင်းဆောင် ကျိုင်းတုံဟော်နန်းပုံတူ ကျပ်သိန်းလေးသောင်းကျော် ကုန်ကျခံ ပြန်တည်ဆောက်မည်

ယနေ့ ဖေဖော်ဝါရီ (၁၇)ရက် မနက်ပိုင်းတွင် ကျိုင်းတုံဟော်နန်းတည်ဆောက်ရန်အတွက် သံဃာတော်များ၊ ဒေသခံလူထုများ အပါအဝင် စစ်အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင် တို့က ပန္နက်ရိုက်ခဲ့ကြောင်း ကျိုင်းတုံဒေသခံ တစ်ဦးက ပြောသည်။

"ကျိုင်းတုံ စကိတ်ကွင်းကို ဖျက်ပြီး ကျိုင်းတုံဟော်နန်း ပြန်လည်ပြုလုပ်မယ်။ ဟော်နန်းဟောင်းရဲ့ မြေတွေပဲဖြစ်တယ်။ တပ်တွေသိမ်းထားပြီး စကိတ်ကွင်းမှာ ဒီနေ့ မနက်က မင်းအောင်လှိုင် ကိုယ်တိုင် လာပြီး ပန္နက်ရိုက်ပြီးသွားပြီ။ မြေနေရာက ၁ ဧကကျော်လောက် ရှိမယ်" ဟု သျှမ်းပြည် ရှေးဟောင်းအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ရေးအသင်း မှ လုံးစိုင်းဆမ်တစ်ဆေ က သျှမ်းသံတော်ဆင့် ကို ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ (၁၅)ရက်နေ့က စစ်အာဏာသိမ်းခေါင်းဆောင်သည် ကျိုင်းတုံမြို့လယ်ရှိ မဟာမြတ်မုနိဘုရားမှာ ထီးတင်ပွဲပြုလုပ်ပြီးနောက် ဟော်နန်းပြန်လည်တည်ဆောက်ရန်ကိစ္စများလည်း ဆွေးနွေးဖြစ်ခဲ့ကြောင်း သိရသည်။

"သူ ကျိုင်းတုံမှာ ထီးလာတင်ပြီး ကျိုင်းတုံဒေသခံတွေ မကန့်ကွက်ရင် ဟော်နန်းလုပ်ပေးမယ်ဆိုပြီး ပြောလာတယ်။ ကန့်ကွက်မယ့်သူရှိလားပေ့ါ။ ဘယ်သူမှ မကန့်ကွက်ဘူးလို့ ဘယ်မှာပဲ လုပ်လုပ်ရတယ် ဘယ်သူဘာမှ မပြောဘူး။ အဲ့တော့ သူလုပ်ပေးမယ်တဲ့။ သူပြောတာ လုပ်ပေးမယ်လို့ပြောလိုက်တော့ အမြန်စီစဉ်လိုက်ပြီး ဒီနေ့ပဲ ပန္နက်ရိုက်လိုက်တာ" ဟု လုံးစိုင်းဆမ်တစ်ဆေ က ထပ်လောင်းပြောသည်။

ယခု ပြန်လည်ပြုလုပ်မည့် ကျိုင်းတုံပုံစံတူ ဟော်နန်းကို သိန်းပေါင်း (၄)သောင်းကျော် ကုန်ကျခံမည်ဖြစ်ပြီး စစ်တပ်ဘက်က အင်ဂျင်နီယာကို ခေါ်ယူကာ ပြုလုပ်သွားမည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

"ပြည်သူအများစု ပြောတာတော့ သူများပေးတုန်း ယူထားလိုက်ပေ့ါနော်။ ခု ချက်ချင်းလုပ်ပေးတော့မယ်။ သိန်းပေါင်း ၄ သောင်းကျော် ကုန်မယ်။ ကျိုင်းတုံဟော်နန်းပုံစံတူ ဖြစ်အောင်လုပ်မယ်။ ချက်ချင်းစတော့မယ်။ သူတို့ တပ်ဘက်က အင်ဂျင်နီယာကို ခေါ်ပြီးလုပ်တော့မယ်" ဟု သျှမ်းပြည် ရှေးဟောင်းအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ရေးအသင်း မှ လုံးစိုင်းဆမ်တစ်ဆေ က ပြောသည်။



စစ်အာဏာသိမ်းခေါင်းဆောင် ကျိုင်းတုံဟော်နန်းပုံတူ ကျပ်သိန်းလေးသောင်းကျော် ကုန်ကျခံ ပြန်တည်ဆောက်မည်

၁၉၀၆ ခုနှစ် ကျိုင်းတုံစော်ဘွားကြီး စဝ်ကွန်ကျောက် အင်းထလိုင် မှ တည်ဆောက်ထားသည့် သျှမ်းသမိုင်းဝင် ကျိုင်းတုံမြို့ အထင်ကရ စော်ဘွားကြီးများ၏ အမွေအနှစ်ကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လက်ထက် အာဏာသိမ်း နဝတ စစ်အစိုးရက ၁၉၉၁ ခုနှစ် နိုဝင်ဘာ ၉ ရက် မနက် ၇ နာရီ ၄၁ မိနစ်က မိုင်းခွဲဖြို့ချဖျက်ဆီးခဲ့သည်။

ထို ဟော်နန်းနေရာအား ကျိုင်းတုံဟိုတယ်အဖြစ် အစားထိုးတည်ဆောက်ကာ ပုဂ္ဂလိက ကုမ္ပဏီနှစ်ခုအား ငွေကျပ် သန်း ၂၀၀ (ကျပ်သိန်း ၂၀၀၀)ဖြင့် နှစ် ၇၀ ငှားရမ်းပေးထားကြောင်း သိရသည်။

စစ်အာဏာသိမ်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ခေတ်ကာလတွင် ဖျက်ဆီးခံရသည့် ကျိုင်းတုံဟော်နန်းကို လက်ရှိ စစ်အာဏာသိမ်း ခေါင်းဆောင် မင်းအောင်လှိုင် ငွေကြေးကုန်ကျ ပြန်ပြုပြင်မည် ဆိုသော်လည်း တချို့ လူငယ်များက သဘောမတွေ့ကြပေ။

“လူငယ်တွေ အနေနဲ့ကတော့ အရင်ဟော်နန်းဟောင်းမှာပဲ လုပ်စေချင်တယ်။ သူ အာဏာသိမ်းပြီးကတည်းက သူပြောထားတယ်လေ ဟော်နန်း ပြန်လုပ်ပေးမယ်ဆိုတာ။ ကန့်ကွက်ပေမယ့် ဘာမှ မလုပ်နိုင်ဘူး” ဟု ကျိုင်းတုံလူငယ် ဒေသခံ တစ်ဦးက ပြောသည်။

ထိုဟော်နန်း ပြန်လည် တည်ဆောက်ဖို့အတွက် ကျိုင်းတုံစော်ဘွားမျိုးနွယ် တစ်ဦးဖြစ်သည့် စဝ်ဆိုင်မိန်း ၏ သမီးတော် ဒေါက်တာ ရင်ရင်နွယ်လည်း ပါဝင်ကြောင်း သိရသည်။

NLD အစိုးရလက်ထပ်တွင် ကျိုင်းတုံဟော်နန်းမြေနေရာ ပြန်လည်ရရှိရေးနှင့် ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေး အတွက် ကျိုင်းတုံဒေသခံများ စုပေါင်းဖွဲ့စည်းထားသည့် ကော်မတီမှ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော် သမ္မတ၊ သျှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ယဉ်ကျေးမှု ဝန်ကြီးဌာန နှင့် ဟိုတယ်နှင့် ခရီးသွား ဝန်ကြီးဌာနထံသို့ ၂၀၁၉ ဩဂုတ်လဆန်းပိုင်းက စာတင်တောင်းဆိုခဲ့ကြောင်း သိရသည်။

ကျိုင်းတုံ ဟော်နန်းမြေ ပြန်ရရှိရန်နှင့် ဟော်နန်း ပုံတူ ပြန်လည်တည်ဆောက်ရန်အတွက် သျှမ်းပြည် ရှေးဟောင်းအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ရေးကော်မတီ (ယာယီ)ကို ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

https://burmese.shannews.org/archives/27016

---------------------------------------------------------------------------------------------------

## ကျောက်မဲစစ်ရှောင်များ တောင်ကြီးသို့ နှစ်ထပ်ကွမ်း ပြေးလာ

By SHAN - February 17, 2022



သျှမ်းပြည် မြောက်ပိုင်းအတွင်း မြောက်ပိုင်းမဟာမိတ် နှင့် RCSS တို့ တိုက်ပွဲကြောင့် ကျောက်မဲမြို့အတွင်းရှိ စစ်ဘေးရှောင်များ တောင်ကြီးမြို့အထိ စစ်ဘေး ထပ်မံရှောင်လာရကြောင်း စုံစမ်းသိရှိရသည်။

တောင်ကြီးမြို့သို့ စစ်ဘေးရှောင်လာသည့် ပြည်သူများသည် ကျောက်မဲမြို့နယ် ဟူးဆွန်နှင့် ပုံးလုံကျေးရွာအုပ်စုတို့က ဒေသခံများဖြစ်ပြီး ယမန်နေ့ ဖေဖော်ဝါရီ ၁၆ ရက်နေ့က တောင်ကြီးမြို့ထဲသို့ စစ်ရှောင်လာခဲ့ကြောင်း စစ်ရှောင်များကို ကူညီပေးနေသည့် အရှင် သီရိဓမ္မ က သျှမ်းသံတော်ဆင့်ကို ပြောသည်။

“မနေ့က သွားခေါ်လာခဲ့တာ။ ကျောက်မဲဘက်က ထွက်ပြေးလာတဲ့ စစ်ရှောင်တွေဖြစ်တယ်။ မနေ့ကလာတာ ၃၅၈ ယောက်လောက်ရှိတယ်။ ဒီနေ့လည်း ထပ်လာဖို့ရှိသေးတယ်” ဟု စစ်ရှောင်များကို ကူညီပေးနေသည့် အရှင် သီရိဓမ္မ က ပြောသည်။



လက်ရှိတွင် စစ်ဘေးရှောင်များသည် တောင်ကြီးမြို့ ဝေဠုဝန်ကျောင်းတွင် ရောက်ရှိနေပြီး ယနေ့ ဖေဖော်ဝါရီ ၁၇ တွင်လည်း ထပ်မံ ထွက်ပြေးလာသူများရှိကြောင်း သိရသည်။

“အခု စစ်ရှောင်တွေက ဝေဠုဝန်ကျောင်းမှာ ရောက်ရှိနေတယ်။ ဒီနေ့လည်း ထပ်လာဖို့ရှိနေသေးတယ်။ ဒီနေ့က စစ်ရှောင် ၁၇၀ ထပ်လာမယ်လို့ ပြောတယ်” ဟု အထက်ပါ အရှင် သီရိဓမ္မက

ပြောသည်။

တောင်ကြီးမြို့သို့ ရောက်ရှိလာသည့် စစ်ရှောင်များကို သံဃာတော်များသာ ဦးဆောင်ပြီး ကူညီပေးနေကြောင်း သိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်းကြောင့် ကျောက်မဲမြို့ မှ စစ်ဘေးရှောင်များသည် ရပ်စောက်မြို့သို့ တစ်ခါ ထွက်ပြေးတိမ်းရှောင်လာရပြီး ယခုတွင် တောင်ကြီးမြို့ထိ ထပ်မံ ထွက်ပြေးတိမ်းရှောင်လာရတာဖြစ်ကြောင်း သိရသည်။

https://burmese.shannews.org/archives/27005

----------------------------------------------------------------------------------------------------

## ကျောက်မဲ လူငယ်တစ်ဦး မိုင်းနင်းမိ ဒဏ်ရာပြင်းထန်

By SHAN - February 17, 2022

သျှမ်းပြည် မြောက်ပိုင်း ကျောက်မဲမြို့နယ်တွင် ဖေဖော်ဝါရီ ၁၅ ရက် မနက်ပိုင်းက အသက် (၁၅)ဝန်းကျင် ရှိ လူငယ်တစ်ဦး မိုင်းနင်းမိပြီး ပြင်းထန်ဒဏ်ရာ ရရှိခဲ့ကြောင်း သတင်းသိရသည်။



ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၅ ရက် မနက် ၉ နာရီဝန်းကျင်က မန်ခေါက်ကျေးရွာမှ ကျောက်မဲမြို့တွင်းသို့ လာစဉ် နမ့်မန်းကျေးရွာအရောက်တွင် အသက် (၁၅)နှစ်အရွယ်ရှိ အမျိုးသား လူငယ်တစ်ဦး မိုင်းနင်းမိပြီး ပြင်းထန်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

"သူတို့ မန်ခေါက်ရွာကနေ ဆင်းလာတာလို့ ပြောတယ်၊ နမ့်မန်းရွာ တံတားနားရောက်တော့ သူတို့ထဲက တစ်ယောက်က လမ်းဘေးမှာ အပေါ့သွားတာတဲ့၊ အဲ့ချိန်မှာ မိုင်းနင်းမိတာပဲ၊ ဒဏ်ရာတော့ တော်တော်ပြင်းတယ်လို့ ကြားတယ်၊ လားရှိုးကို ပို့ထားရတယ်" ဟု ကျောက်မဲဒေသခံ အမျိုးသမီးတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

မိုင်းပေါက်ကွဲမှုကြောင့် ထိုလူငယ်အမျိုးသားသည် ခြေထောက်၊ လက်၊ ရင်ဘက်နှင့် မျက်စိတို့တွင် ဒဏ်ရာ ရရှိခဲ့ပြီး လားရှိုးဆေးရုံသို့ ပို့ဆောင် ကုသနေကြောင်း သိရသည်။

ထို နမ့်မန်းကျေးရွာအနီးပတ်ဝန်းကျင်တွင် မိုင်းနင်းမိမှု မကြာခဏ ဖြစ်ပွားသည့်အတွက် သွားလာမှုမပြုကြရန် ဒေသခံများမှ တားမြစ်ထားကြောင်းသိရသည်။

"နမ့်မန်းအနီးနားကို ဘယ်သူမှ မသွားကြဖို့ ပြောထားဖူးတယ်။ အဲ့နားက ခဏခဏ မိုင်းကွဲတာဖြစ်နေတော့ စိတ်မချရဘူး။ လုံခြုံမှု မရှိတော့ဘူး။ အရင်နှစ်က ငှက်ပျောဖူး ဆင်းခူးတာ မိုင်းနင်းမိပြီး သေဆုံးတာရှိခဲ့လို့ အဲ့ဖက်ကို မှိုရှာ၊ မျှစ်ချိုးတာတွေလည်း မလုပ်ဖို့ တားမြစ်ထားတယ်" ဟု ဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၇ ရက်တွင်လည်း ဟူးကွက်ဒေသခံ အမျိုးသား ၃ ဦး မိုင်းနင်းမိကာ လူငယ် ၂ ဦး ပွဲချင်းပြီး သေဆုံးခဲ့ပြီး၊ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို မိုင်းကွဲမှု ဖြစ်ပွားသည့် နေရာသည် ယခင်နှစ်တွေတုန်းက တိုင်းရင်းသာလက်နက်ကိုင်များဖြစ်သည့် မြောက်ပိုင်းမဟာမိတ်တပ်ပေါင်းစု နှင့် RCSS တို့ တိုက်ပွဲဖြစ်ပွားခဲ့ဖူးသည့်နေရာများ ဖြစ်ကြောင်း သိရသည်။

https://burmese.shannews.org/archives/26981

------------------------------------------------------------------------------------------

## မိုင်းယော်စစ်ရှောင် (၆၀၀)နီးပါး နေရပ်ပြန်

By SHAN - February 17, 2022

သျှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့နယ် မိုင်းယော်တိုက်နယ်သို့ ရောက်ရှိလာသည့် စစ်ဘေးရှောင်များ (၆၀၀) နီးပါး နေရပ်သို့ ပြန်သွားပြီးဖြစ်ကြောင်း စုံစမ်းသိရှိရသည်။



မိုင်းယော်တိုက်နယ် အတွင်း မြောက်ပိုင်းမဟာမိတ် နှင့် စစ်ကောင်စီတို့ကြား တိုက်ပွဲပြင်းထန်မှုကြောင့် ပန်သပြေကျေးရွာ ဒေသခံများ လွယ်စက်ကျေးရွာဒေသခံများ ထွက်ပြေးတိမ်းရှောင်လာပြီး မိုင်းယော်ဈေးထဲသို့ လာရောက်နေထိုင်ကြကြောင်း စုံစမ်းသိရှိရသည်။

“မိုင်းယော်ဈေးထဲ ရောက်လာတဲ့ စစ်ရှောင်တွေ ပြန်ကုန်ပြီ။ တစ်ချို့လည်း ဆွေမျိုးအိမ်မှာ သွားနေထားတယ်။ ဒီနေ့လည်း ပန်ဝူးလိုင်ရွာဘက် တိုက်ပွဲဖြစ်တယ်လို့ကြားတယ်” ဟု မိုင်းယော်ဒေသခံ တစ်ဦး ကပြောသည်။

ယနေ့ ဖေဖော်ဝါရီ (၁၇) ရက်နေ့တွင် မိုင်းယော်တိုက်နယ် ပန်ဝူးလိုင်ကျေးရွာအုပ်စုဘက် စစ်ကောင်စီ နှင့် မြောက်ပိုင်းမဟာမိတ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။



“ပြီးခဲ့တဲ့ ၃ ရက် ၄ ရက်နေ့က တိုက်ပွဲအရမ်းပြင်းထန်တော့ ဒေသခံတွေ မိုင်းယော်ဈေးထဲ ထွက်ပြေးလာတဲ့ သူတွေရှိသလို လားရှိုးဘက် သွားတဲ့သူတွေလည်း ရှိတယ်။ ဒီနေ့လည်း တိုက်ပွဲပြန် ဖြစ်တယ်လို့ကြားတယ်” ဟု မိုင်းယော်ဒေသခံ အမျိုးသား လူငယ် တစ်ဦးကပြောသည်။

ဖေဖော်ဝါရီ (၁၄) ရက်တွင် မြောက်ပိုင်းမဟာမိတ် နှင့် စစ်ကောင်စီတို့ တိုက်ပွဲကြောင့် ဒေသခံများ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။

မိုင်းယော်တိုက်နယ်အတွင်း စစ်ကောင်စီလက်အောက်ခံ တပ်မ (၉၉) နှင့် (၈၈) တို့ ရှိထားပြီး တိုင်းရင်းသား လက်နက်ကိုင်များဖြစ်ကြသော ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ၊ ကိုးကန့်တပ်မတော် (MNDAA) ၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) တို့ လှုပ်ရှားသည့် နေရာဒေသဖြစ်သည်။

https://burmese.shannews.org/archives/27009

----------------------------------------------------------------------------------------------

## ဦးဖုန်ကြားရှင်ကွယ်လွန်သွားပေမယ့် MNDAA ကိုးကန့်အဖွဲ့ မူဝါဒ ပြောင်းမှာမဟုတ်

17 ဖေဖော်ဝါရီ၊ 2022 | သိန်းထိုက်ဦး

ကိုးကန့်ခေါင်းဆောင် ဦးဖုန်ကြားရှင် ကွယ်လွန်သွားပေမယ့် MNDAA ခေါ် ကိုးကန့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့မှာ မူဝါဒ အပြောင်းအလဲရှိမှာမဟုတ်ဘူးလို့ MNDAA ရဲ့ ပြန်ကြားရေးအဖွဲ့ဝင်တဦးက ဗွီအိုအေကိုပြောပါတယ်။ မြန်မာနိုင်ငံက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေထဲမှာ မြန်မာစစ်တပ်နဲ့ ပထမဆုံး ငြိမ်းချမ်းရေးသဘောတူခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရယူခဲ့တဲ့ ကိုးကန့်ခေါင်းဆောင်ရဲ့ရှာပနအခမ်းအနားကိုတော့

နောက်လ ၃ ရက်နေ့ကျရင် မိုင်းလားမြို့မှာကျင်းပဖို့ စီစဉ်နေပါတယ်။ ကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင်ရဲ့ ရျာပနသတင်း ရန်ကုန်က ပေးပို့ထားတာကို ဦးသိန်းထိုက်ဦးက တင်ပြပေးထားပါတယ်။



ရှမ်းပြည်မြောက်ပိုင်း ကိုးကန့်လက်နက်ကိုင်အဖွဲ့ရဲ့ ထိပ်ပိုင်းခေါင်းဆောင် PengJiasheng, ဦးဖုန်ကြားရှင် (Photo: The Kokang)

MNDAA ခေါ် မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ်တပ်မတော်ကို တည်ထောင်သူ ဦးဖုန်ကြားရှင်ဟာ အသက် ၉၄ နှစ်အရွယ်မှာ ဗုဒ္ဓဟူးနေ့မနက်ပိုင်းက ကွယ်လွန်ခဲ့ပါတယ်။ သူဦးဆောင်တဲ့ကိုးကန့်အဖွဲ့ဟာ လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့တွေထဲမှာ မြန်မာစစ်တပ်နဲ့ ပထမဆုံး ငြိမ်းချမ်းရေးသဘောတူခဲ့ပြီး နဝတ စစ်အစိုးရလက်ထက်မှာ ရှမ်းပြည်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသ ၁ ဖြစ်လာအောင် ဆောင်ရွက်ခဲ့ပါတယ်။

ဦးဖုန်ကြားရှင်ကွယ်လွန်သွားပေမယ့် MNDAA ရဲ့ နိုင်ငံရေးလမ်းစဉ်တွေ၊ မူဝါဒတွေ အပြောင်းအလဲရှိမှာမဟုတ်ဘူးလို့ MNDAA ရဲ့ ပြန်ကြားရေးအဖွဲ့ဝင် ကိုရန်ဖန်းက ဗွီအိုအေကို ပြောပါတယ်။

“ဒီမူဝါဒတို့ ပေါ်လစီတို့ကတော့ လုံးဝ အပြောင်းအလဲရှိမှာ မဟုတ်ဘူးပေါ့နော။ နဂိုအတိုင်းပဲ ဆက်သွားကြမယ်။ ဘာလို့လဲဆိုတော့ ဥက္ကဋ္ဌဟောင်းကြီးကလည်း အနားယူတာလည်း ကြာပြီလေ။ ကျနော်တို့ လမ်းစဉ်တို့၊ မူဝါဒ ပေါ်လစီတို့က လုံးဝ အပြောင်းအလဲရှိမှာ မဟုတ်ဘူးဗျ။ ”

တရုတ်မြန်မာနယ်စပ်အရေး လေ့လာသူ ဒေါက်တာလှကျော်ဇောကလည်း အလားတူပဲ သုံးသပ်ပါတယ်။

“သိပ်တော့ ပြောင်းလဲစရာမရှိဘူးထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဥက္ကဋ္ဌဖုန်ကြားရှင်က အစတည်းက သူက ဂုဏ်ထူးဆောင်နာယက အနေနဲ့ပဲ နေတာဖြစ်တာကိုးနော။ သူလည်း ကျန်းမာရေးမကောင်းတော့ MNDAA တို့ ဘာတို့မှာ လုပ်ငန်းတွေ တော်တော်များများကို လွှဲထားပြီလို့ ထင်ရတာပဲ။”

ဦးဖုန်ကြားရှင်ဟာ ကိုးကန့်တိုင်းရင်းသားတွေ တိုးတက်ရေး ဆောင်ရွက်ပေးခဲ့တဲ့ ခေါင်းဆောင်ကြီးတယောက်ဖြစ်တယ်လို့ ကိုးကန့်တိုင်းရင်းသားတွေက သတ်မှတ်ကြပေမယ့် သူဟာ မူးယစ်ဆေး၊ လက်နက်မှောင်ခို စတဲ့ကိစ္စတွေနဲ့ စွပ်စွဲ သတ်မှတ်ခံရတာ တွေလည်း ရှိခဲ့ပါတယ်။

ဒေါက်တာလှကျော်ဇောက ဦးဖုန်ကြားရှင်ရဲ့ အားသာချက်၊ အားနည်းချက်အပေါ် သူ့အမြင်ကို အခုလို ပြောပါတယ်။

“ကိုးကန့်အမျိုးသားတွေဘက်က ကြည့်ရင်တော့ ကိုးကန့်အမျိုးသားတွေအပေါ်မှာ သူက တာဝန်ယူစိတ်လည်း ရှိတယ်။ မျိုးချစ်စိတ်လည်း ရှိတယ်ပေ့ါဗျာ။ အဲလိုပြောလို့ ရတာပေ့ါ။ တဘက်ကကြည့်ရင်လည်း စီးပွားရေးလုပ်ငန်းတွေ ဘာတွေ ဘက်ကျတော့လည်း ဘာလုပ်ငန်းပဲဖြစ်ဖြစ်ပေ့ါ စီးပွားရေးအရ ငွေရှာလို့လွယ်ရင် လွယ်သလို လုပ် တာတွေတော့ ရှိတာပေ့ါ။ ဘိန်းတွေ ဘာတွေ အစောပိုင်းကတော့ လုပ်ခဲ့တာပေ့ါ။ နောက်ပိုင်းကျတော့လည်း ဘိန်းပပျောက်ရေးတို့ ဘာတို့လည်း လုပ်ပါတယ်။ အဲတော့ သူ့ လူမျိုးဘက်ကကြည့်တော့ ကိုးကန့်လူမျိုးတွေအပေါ်မှာ အတော်ချစ်ခင်ပြီးတော့ ကိုးကန့်လူမျိုးတွေ တစုံတရာ တိုးတက်ရာ တိုးတက်ကြောင်း လုပ်ခဲ့ပေးတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးပေ့ါဗျာ။ ”

ကိုးကန့်အဖွဲ့ရဲ့ ရျာပနကျင်းပရေးကော်မတီ ထုတ်ပြန်ချက်မှာတော့ ဦးဖုန်ကြားရှင် ကွယ်လွန်သွားတဲ့အတွက် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ ကိုးကန့်တိုင်းရင်းသား လွတ်မြောက်ရေးလုပ်ငန်းတွေအတွက် ကြီးမားတဲ့ဆုံးရှုံးမှုဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဖေဖော်ဝါရီ ၁၆ ရက်နေ့က ကွယ်လွန်သွားတဲ့ ဦးဖုန်ကြားရှင်အတွက် လောလောဆယ် ကိုးကန့်ရိုးရာအရ ဂါရဝပြုအစီအစဉ် တွေဆောင်ရွက်နေပြီး ရျာပနကိုတော့ မတ်လ ၃ ရက်နေ့ မိုင်းလားမြို့မှာ ကျင်းပဖို့ စီစဉ်နေတယ်လို့ MNDAA ရဲ့ ပြန်ကြားရေး အဖွဲ့ဝင် ကိုရန်ဖန်းက ပြောပါတယ်။

"ဥက္ကဋ္ဌကြီးရဲ့ စျာပနအခမ်းအနားကိုတော့ နောက်လ ၃ ရက်နေ့ ဝန်းကျင်လောက်တော့ ကျင်းပမယ်တော့ စီစဉ်ထားတာပေါ့နော်။ နောက်လ ၃ ရက်နေ့။ သင်္ဂြိုဟ်မှာကတော့ ၅ ရက်နေ့မှာ သင်္ဂြိုဟ်မယ်။ နေရာကတော့ မိုင်းလားမှာပဲလေ နော။ ဒီအတောအတွင်းမှာတော့ ကိုးကန့် ရိုးရာအစီအစဉ်တွေနဲ့ အဲဒီ ၃ ရက်နေ့အထိတော့ ကြာမယ်ပေါ့နော။"

ဦးဖုန်ကြားရှင်ဟာ ကိုးကန့်စော်ဘွားလက်ထက်မှာကတည်းက ကိုးကန့်ကာကွယ်ရေးတပ်ကို ဦးဆောင်ခဲ့သူတဦးဖြစ်ပါတယ်။

၁၉၅၉ ခုနှစ်မှာ စော်ဘွားက အာဏာစွန့်ခဲ့ပြီးတဲ့နောက် အစိုးရကိုတော်လှန်ခဲ့ပြီး ၁၉၆၇-၆၈ လောက်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ရဲ့ စည်းရုံးမှုအောက် ကိုးကန့်ဒေသတပ်မှူးဖြစ်လာခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှာတော့ ဗမာပြည်ကွန်မြူနစ်ပါတီက ခွဲထွက်ပြီး MNDAA ခေါ် မြန်မာ အမျိုးသား ဒီမိုကရေစီမဟာမိတ်တပ်မတော်ကို တည်ထောင်ခဲ့သလို မြန်မာစစ်အစိုးရနဲ့လည်း ငြိမ်းချမ်းရေးရယူပြီး ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) ခေါင်းဆောင် ဖြစ်လာခဲ့ ပါတယ်။

၂၀၀၉ ခုနှစ်မှာ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကို ငြင်းဆန်ခဲ့တဲ့နောက် စစ်အစိုးရနဲ့ တိုက်ပွဲတွေဖြစ်ခဲ့ချိန်မှာ ဖုန်ကြားရှင်ဟာ ကိုးကန့်ဒေသက ထွက်ခွာခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ကိုးကန့်ဒေသကို ကိုးကန့်အဖွဲ့ဘက်က ပြန်လည်ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ MNDAA ကို ဦးဖုန်ကြားရှင်ရဲ့သား ဖုန်တာရှင်က ဦးဆောင်နေပြီး မုံးကိုး၊ ဖောင်းဆိုင်ဒေသတွေမှာ တိုက်ပွဲတွေ ဆက်လက် ဖြစ်ပွားနေဆဲ ရှိနေပါတယ်။

https://burmese.voanews.com/a/mndaa-pengjiasheng-kokang-voaburmese-ဖုန◌ၾကားရွင◌-ကိုးကန႔◌-ၿပီအိုေအျမန္မာပိုင◌း-/6445896.html

--------------------------------------------------------------------------------------

## ဖုန်ကြားရှင် သို့မဟုတ် မြန်မာစစ်တပ်အတွက် မြင်းကောင်းတစီး ဖြစ်ခဲ့သူ

By ရေဝတီ | 17 February 2022

ကိုးကန့်တပ်ဖွဲ့ဟု လူသိများသည့် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ် (MNDAA) ၏ တည်ထောင်သူ ဥက္ကဋ္ဌဟောင်း ဦးဖုန်ကြားရှင်(၉၄နှစ်)သည် လူကြီးရောဂါဖြင့် ရှမ်းပြည်မြောက်ပိုင်း တနေရာရှိ MNDAA ဌာနချုပ်တွင် ယမန်နေ့နံနက်ပိုင်းက ကွယ်သွားလွန်ပြီဖြစ်သည်။

ဖုန်ကြားရှင်၊ ဖုန်ကြားဖူး ဆိုသည့် အရှေ့မြောက်ဒေသတွင် နာမည်ကျော်ခဲ့သော ကိုးကန့်ညီနောင်တွင် ညီဖြစ်သူ ဦးဖုန်ကြားဖူးမှာ ၂၀၁၇ခုနှစ်က မိုင်းလားမြို့တွင် အဆုတ်ရောဂါဖြင့် ကွယ်လွန်ခဲ့သလို ၅နှစ်အကြာတွင် အကိုဖြစ်သူ ဦးဖုန်ကြားရှင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် တရားဝင် အသိအမှတ်ပြုထားသည့် လူမျိုး ၁၃၅မျိုးတွင် ကိုးကန့်သည်လည်း တိုင်းရင်းသား အဖြစ် ပါဝင်ရာ ဖုန်ကြားရှင်၊ လော်စစ်ဟန်စသည့် သူများသည် ထင်ရှားသည့် ကိုးကန့်ကာကွယ်ရေး ခေါင်းဆောင်များ ဖြစ်သည်။

သတင်းစာဆရာ၊ စာရေးဆရာကြီး သိန်းဖေမြင့်က အရှေ့မြောက်ဒေသသို့ သွားခဲ့စဉ် ကိုးကန့်ကာကွယ်ရေး ခေါင်းဆောင်တဦးဖြစ် သည့် လော်စစ်ဟန်နှင့် တွေ့ဆုံ၍ အနီးကပ်အကဲခတ်ခွင့်ရခဲ့ရာ "ဦးလော်စစ်ဟန်ဟာ စီးရင်လည်း ရဲရဲဝံ့ဝံ့ ပြတ်ပြတ် သားသား စီးရမယ့် မြင်းဘဲ။ မစီးချင်ရင်လည်း လုံးလုံး ရှောင်ရမယ့် မြင်းဖြစ်တယ်"ဟု ကောက်ချက်ချခဲ့ဖူးသည်။

သို့သော် လော်စစ်ဟန်နှင့် ခေတ်ပြိုင် ကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင်ကိုမူ ဦးသိန်း ဖေမြင့် မြင်ခွင့် တွေ့ခွင့်မရ၊ တွေ့ခွင့်ရလျှင် မည်သို့ မှတ်ချက်ချမည်ကို မသိ။

ဖုန်ကြားရှင်သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ တိုက်ခိုက်ရေးမှူးတဦးဖြစ်ခဲ့သလို သူသည် တခြားကိုးကန့်ကာကွယ်ရေး ခေါင်းဆောင်တဦးဖြစ်သည့် လော်စစ်ဟန်ကဲ့သို့ပင် မြန်မာစစ်တပ် အတွက် မြင်းကောင်းတစီးသဖွယ် အသုံးတော်ခံခဲ့ဖူး သည်။

သူ့သည် ၁၉၃၁ ခုနှစ်တွင် ကိုးကန့်ဒေသက ဟုံစွေ့ထူးဟော် ရွာကလေး၌ မွေးဖွားသည်။ ကိုးကန့် စော်ဘွားများ ခေတ်ကောင်းစဉ်(တော်လှန်ရေးကောင်စီ မတက်မီ)က စော်ဘွားကာကွယ်ရေး တပ်တွင် လော်စစ်ဟန်ကဲ့သို့ တပ်မှူးတဦးဖြစ်သည်။

၁၉၅၈ ခုနှစ် ကိုးကန့်စော်ဘွား အာဏာစွန့်ပြီးနောက် စော်ဘွား၏သား ဂျင်မီယန်းဦးဆောင်သည့် ကိုးကန့် တော်လှန်ရေးတပ်ဖွဲ့တွင် ဖုန်ကြားရှင်၊ ဖုန်ကြားဖူးတို့ ညီအစ်ကို ပါဝင်ကာ မြန်မာအစိုးရကို လက်နက်ကိုင် ပုန်ကန် ခဲ့သည်။

၁၉၆၈ခုနှစ်တွင် တရုတ်ပြည်ရှိ အဝေးရောက် ဗမာပြည်ကွန်မြူနစ်ပါတီက နယ်စပ်ဒေသတွင် အခြေခံစခန်းဖွင့် လှုပ်ရှားလာရာ တပ်ရင်းကြီး ၄၀၄ ကို ကိုးကန့်ဒေသတွင် ဖွဲ့စည်းခဲ့ပြီး ဒေသတွင်း စစ်ဘုရင်များဖြစ်သည့် ဖုန်ညီအကို (ဖုန်ကြားရှင်နှင့် ဖုန်ကြားဖူး)တို့ကို စည်းရုံးခဲ့သည်။

ထိုသို့ ဗကပတပ် တည်ဆောက်ရေးအတွက် နယ်စပ်ဒေသ လက်နက်ကိုင်အင်အားများကို အလွယ်တကူ ပြောင်းလဲဖွဲ့ စည်းခြင်းက ဗမာပြည်ကွန်မြူနစ်ပါတီ ကျဆုံးရခြင်း၏ အမှားတခုအဖြစ်ပါဝင်ကြောင်း ဗကပဗဟိုက ၁၉၉၃ခုနှစ်တွင် နိဂုံးချုပ်စာတမ်း တစောင် ထုတ်ကာ သုံးသပ်ထားသည်။

အရှေ့မြောက်ဒေသပြန် ဗကပဟောင်းများအဆိုအရ ဖုန်ကြားရှင်မှာ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် လက်တွဲခဲ့သော်လည်း ပါတီဝင်အဖြစ် လျှောက်ထားခြင်းမရှိဟု သိရသော်လည်း သူသည် အရှေ့မြောက်စစ်ဒေသ ဒုတပ်မှူးအဖြစ် တာဝန် ယူခဲ့ရုံမက ၁၉၇၅ခုနှစ် ဗကပ ဗဟိုကော်မတီတွင် ဖုန်ကြားရှင်မှာ စစ်ရေးအကြံပေး (အရန်ဗဟို ကော်မတီဝင်) တဦး အဖြစ် ပါဝင်ခဲ့ကြောင်း မြန်မာစစ်တပ်မှ ထုတ်ပြန်သည့် တပ်မတော်သမိုင်းကဆိုသည်။

၁၉၈၁ ခုနှစ် ဗကပ တပ်များအား မှားယွင်းသော စီးပွားရှာမှုဖြင့် ကျွေးမွေးခဲ့သည့် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်က ဖုန်ကြားရှင်ကဲ့သို့သော သူများအတွက် ဘိန်းဖြင့် စီးပွားရှာရေး တရားဝင်ပြုလုပ်ပေးရာ ရောက်ခဲ့သည်။

ဖုန်ကြားရှင်သည် ဗမာပြည်ကွန်မြူနစ်ပါတီ အသိုင်းအဝန်းအတွင်းရှိနေသော်လည်း ဗကပကို ဖြိုခွဲရန် ဗိုလ်မှူးချုပ် ဟောင်း အောင်ကြီးက စေလွှတ်တာဝန်ပေးထားသည့် တခြားသော ကိုးကန့်အုပ်စု ခေါင်းဆောင်ဟောင်း လော်စစ် ဟန်နှင့် ချိတ်ဆက်သည်။

ထိုသို့သာမက ၁၉၈၃ခုနှစ်တွင် တကြိမ် ၁၉၈၇ခုနှစ်တွင် တကြိမ် လွယ်မော်အုပ်စုခေါင်းဆောင် ခွန်ဆာနှင့်လည်း ကောင်း၊ မဟာမိတ် ခေါင်းဆောင်များနှင့်လည်းကောင်း ညှိနှိုင်းခဲ့သလို၊ ညီဖြစ်သူ ဖုန်ကြားဖူးကလည်း တရုတ်ပြည် တွင်းနေ ကိုးကန့် တပ်သားဟောင်း တချို့ကို စုစည်းကာ ဗကပအား ပုန်ကန်ရန် ကြိုးစားခဲ့သည်။

၁၉၈၈ခုနှစ် ပြည်မတွင် မြန်မာ့ဆိုရှယ်လစ်ပါတီအစိုးရ ဖြုတ်ချရေး လှုပ်ရှားမှုများ အကြီးအကျယ်ဖြစ်ပွားပြီးနောက် မကြာမီ ၁၉၈၉ခု မတ်လ ၁၀ရက်တွင် ကိုးကန့်တို့ ဗမာပြည် ကွန်မြူနစ်ပါတီမှ ပုန်ကန်ခွဲထွက်မှု စတင်ခဲ့သည်။ မုန်းကိုးနှင့် ကိုးကန့်ဒေသရှိ စခန်းများကို ထိန်းချုပ်လိုက်ကြ၏။

ထိုသို့ ဗကပအပေါ် ကိုးကန့်တို့၏ ပုန်ကန်မှုကို အခွင့်ကောင်းယူကာ အာဏာသိမ်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ (နဝတ)က ချက်ခြင်း အပစ်အခတ်ရပ်စဲရေး လုပ်ကာ ကိုးကန့်တို့ ပြောင်းလဲဖွဲ့စည်းခဲ့သည့် မြန်မာ အမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ် (MNDAA)ကို အသိအမှတ်ပြုပြီး ရှမ်းအထူးဒေသ ၁ အဖြစ် သတ်မှတ်ပေး ခဲ့သည်။

ဖုန်ကြားရှင် လမ်းစဉ်ကို လိုက်ကာ ကျောက်ညီလိုင်ခေါင်းဆောင်သည့် ဝအဖွဲ့ကလည်း ခွဲထွက်ခဲ့သည်။

ဦးဖုန်ကြားရှင်မှ အစပြုသည့် ခွဲထွက်ရေးကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီပြိုကွဲကာ ရှမ်းပြည်နယ်ရှိ လက်နက်ကိုင်များ အင်အားချိနဲ့သွားသဖြင့် မြန်မာစစ်တပ်က တောင်ပိုင်းဒေသရှိ ကရင်အမျိုးသားအစည်းအရုံး KNU အပေါ် စစ်အင် အားများ ပိုမိုသုံးကာ စစ်ဆင်ရေးကြီးများ ပြုလုပ်လာနိုင်ခဲ့သည်။

စစ်တပ်နှင့် ငြိမ်းချမ်းရေး ရယူခဲ့သည့် ဦးဖုန်ကြားရှင်က နောက်ပိုင်းတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု များကို တရားဝင် နီးပါး လုပ်ကိုင်ခဲ့သည်ဟု ထိုစဉ်က မှတ်တမ်းများက ဆိုပြီး မူးယစ်ရာဇာတဦးအဖြစ်လည်း ကျော်ကြားသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော၏ သမီး နိုင်ငံရေးလေ့လာသူ ဒေါက်တာ လှကျော်ဇောက "နဝတ ခေတ်မှာ သူက ဗိုလ်ခင်ညွန့်တို့နဲ့ အတော်အဆင်ပြေတယ်။ လော်စစ်ဟန်တို့ ပွဲစား လုပ်ပေး ပြီး ငြိမ်းချမ်းရေးယူပြီးတော့ ဗိုလ်ခင်ညွန့်နဲ့ အတော်ကိုရင်းနှီးသွားပြီးတော့ နိုင်ငံရေးစကားကိုတော့ နောက် တက်လာ တဲ့ ဒီမိုကရေစီအစိုးရနဲ့ ပြောပေါ့။ သူတို့နဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ပြီး သူလုပ်ချင်တာ လုပ်ခွင့်ပြုလိုက်တာပဲ။ အဲဒီမှာ ဘိန်းတွေအကြီးအကျယ်စိုက်ပြီး တော်တော်ကြီးပွားပါတယ်။ နောက်ပိုင်းတော့ ဘိန်းအစားထိုး သီးနှံ ဆိုပြီး သူတို့လုပ်ပါသေးတယ်" ဟု ဆိုသည်။

၁၉၉၂ ခုနှစ်တွင် ကိုးကန့်အဖွဲ့အတွင်း ရန်မိသားစုမှ ရန်ပုံအန်း၊ ရန်မိုးလျန်တို့က ဦးဖုန်ကြားရှင်တို့ကို ပုန်ကန်ခဲ့ရာ ဖုန်မိသားစု အရေးနိမ့်၍ ကိုးကန့်ဒေသကို ယာယီစွန့်ခွာခဲ့ရသော်လည်း ၁၉၉၄ ခုနှစ်ခန့်တွင် ကိုးကန့်ဒေသသို့ ပြန် လည် အခြေချခဲ့သည်။



၁၉၉၉ ခုနှစ် မတ်လက ကိုးကန့်ဒေသ ငြိမ်းချမ်းရေး ၁၀ပြည့် အခမ်းအနားတွင် ကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင်နှင့် ဗိုလ်ချုပ်ကြီး ခင်ညွန့်တို့ကို တွေ့ရစဉ်

သို့သော်လည်း သံလွင်မြစ်အနောက်ခြမ်းရှိ မုန်းကိုးဒေသတွင် မုန်ဆာလ ဦးဆောင်သည့် အဖွဲ့က သီးခြားအဖွဲ့ခွဲပြီး ရပ်တည်နေသဖြင့် ဦးဖုန်ကြားရှင်တို့သည် သံလွင်မြစ်အရှေ့ခြမ်း လောက်ကိုင်၊ ကုန်းကြမ်းဒေသတွင်သာ အခြေစိုက် နိုင်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) အစိုးရက ကိုးကန့်အဖွဲ့ကို နယ်ခြား စောင့် တပ်အဖြစ်အသွင်ပြောင်းခိုင်းရာ ဦးဖုန်ကြားရှင်အဖွဲ့ လက်မခံခဲ့သဖြင့် နအဖ တပ်များ၏ အင်အားအလုံး အရင်းဖြင့် စစ်ဆင်တိုက်ခိုက်ရာ ကိုးကန့်ဒေသကို လက်လွှတ်၍ သားမက်ဖြစ်သူ ဦးစိုင်းလင်းရှိရာ မိုင်းလားမြို့တွင် ခိုလှုံခဲ့သည်။

ထိုကာလက ကိုးကန့်ဒေသ ထိုးစစ်တွင် စစ်ဆင်ရေးအထူးအဖွဲ့မှူး ရာထူးဖြင့် ကြီးကြပ်ခဲ့သူမှာ လက်ရှိအာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဖြစ်သည်။

မိုင်းလားတွင် ကိုးကန့်တပ်ဖွဲ့ကို ပြန်လည်စုဖွဲ့ပြီး ၂၀၁၃ ခုနှစ်တွင် သံလွင်မြစ်အနောက်ခြမ်း၌ ပြန်လည်လှုပ်ရှားကာ ၂ နှစ်အကြာ ၂၀၁၅ ခုနှစ်ဖေဖော်ဝါရီလတွင် သံလွင်အရှေ့ခြမ်း ကိုးကန့်ဒေသကို တကျော့ပြန်ဝင်တိုက်သည်။

ထိုစစ်ပွဲသည် ဇွန်လအထိ ၅ လခန့်ကြာမြင့်ပြီး MNDAA၏ တိုက်ခိုက်မှုက မြန်မာစစ်တပ်ကို အထိအခိုက် အကျအဆုံး အများအပြားဖြင့် အထိနာစေခဲ့သည်။

သို့သော်လည်း စစ်တပ်ဘက်က လေကြောင်းနှင့် အမြောက်ပစ်ကူ အပါအဝင် အင်အားအများအပြားဖြင့် ထိုးစစ် ဆင်ခဲ့သောကြောင့် MNDAA တပ်များ နောက်ဆုတ်ခဲ့ရသည်။ သို့သော်လည်း MNDAA သည် ကိုးကန့်ဒေသ မြောက်ပိုင်းအစွန်ရှိ ဟုန်အိုင်ဒေသတွင် အခြေပြုနိုင်ခဲ့သည်။

ဦးဖုန်ကြားရှင်သည် ၂၀၀၉ ခုနှစ်နောက်ပိုင်းမှ စတင်ကာ MNDAA တွင် ပါဝင်တာဝန်မယူတော့ဘဲ နာယက အဖြစ်သာ ရှိခဲ့သည်။ လက်ရှိ MNDAA ၏ဥက္ကဋ္ဌ နေရာကို ဦးဖုန်ကြားရှင်၏ သားဖြစ်သူ ဖုန်တာရှင်က တာဝန်ယူပြီး အတွင်းရေးမှူး အဖြစ် သားမက်ဖြစ်သူ ဦးထွန်းမြတ်လင်းက တာဝန်ယူနေသည်။

ထို့ကြောင့် ဦးဖုန်ကြားရှင် ကွယ်လွန်သွားသော်လည်း MNDAA အပေါ် စစ်ရေး၊ နိုင်ငံရေး သက်ရောက်မှု ကြီးကြီး မားမား မရှိနိုင်ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ကြသည်။

ပုဂ္ဂိုလ်ရေးအရည်အချင်းပိုင်းတွင် ဦးဖုန်ကြားရှင်သည် အုပ်ချုပ်ရေးနှင့် စည်းရုံးရေး စွမ်းရည်တွင် ကောင်းမွန်ပြီး ၎င်း၏ ညီဖြစ်သူ ဦးဖုန်ကြားဖူးသည် စစ်ရေးနှင့် တိုက်ခိုက်ရေးတွင် ကောင်းမွန်ကြောင်း လေ့လာသုံးသပ်သူများက ဆိုသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ပေးပို့သည့်
ဝမ်းနည်းကြောင်း သဝဏ်လွှာ

ရက်စွဲ၊ ၁၆ - ၂ - ၂၀၂၂။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းလားမြို့နေ MNDAA ဥက္ကဋ္ဌ ဦးဖုန်ကြားရှင် (၉၄)နှစ်သည် ၁၆-၂-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီ ၂၀ မိနစ်တွင် လူကြီးရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင်ကျရောက်သည့် အသက် ၉၄ နှစ်ပြည့်မွေးနေ့ကလည်း ဦးဖုန်ကြားရှင် သည် မွေးနေ့အထိမ်းအမှတ်အဖြစ် တရုတ်ဘာသာဖြင့် နှုတ်ခွန်းဆက်စကား ပြောခဲ့ရာ ၎င်း၏ ပြောစကားများကို MNDAA ၏ The Kokang သတင်းဌာနက Facebook တွင် ဖော်ပြခဲ့သေးသည်။

၎င်းက မြန်မာနိုင်ငံတွင် စစ်တပ်က အာဏာသိမ်းလိုက်ခြင်းသည် စစ်တပ်၏ သရုပ်မှန်ကို ဖော်ပြလိုက်ခြင်းဖြစ်ပြီး အာဏာသိမ်း စစ်တပ်ကို ဆန့်ကျင်နေသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များသည် တနေ့တခြား ပိုမို အင် အားကောင်းလာ နေကြောင်း ပြောသည်။

စွမ်းအားသည် သေနတ်တလက်မှလာပြီး မြန်မာစစ်တပ်သည် အထီးကျန်ဆန်နေကာ နိုင်ငံတကာက ပြင်းထန်စွာ ပိတ်ဆို့အရေးယူထားရုံသာမက၊ ပြည်တွင်း၌လည်း အမြစ်နှင့်ရေမရှိသော သစ်ပင်ကြီးကဲ့သို့ ဖြစ်လာနေကြောင်း ဦးဖုန်ကြားရှင်က ဆိုသည်။

ထို့ကြောင့် မြန်မာစစ်တပ်၏ ကျဆုံးခြင်းသည် ရှောင်လွှဲ၍ မရဘဲ၊ အနေးနှင့် အမြန်ဆိုသလိုပင် ရောက်လာလိမ့်မည် ဖြစ်ကြောင်း ၎င်းက ဟောကိန်းထုတ်သည်။

ထိုသို့ သူက မြန်မာစစ်တပ်အပေါ် ဟောကိန်းထုတ်သော်လည်း အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သူကွယ်လွန်မှု အပေါ် ဝမ်းနည်းကြောင်း သဝဏ်လွှာ ယမန်နေ့ပေးပို့ခဲ့သည်ကို တွေ့ရသည်။

လက်ရှိတွင် ဦးဖုန်ကြားရှင်၏ ဈာပနအခမ်းအနားပြုလုပ်ရန် MNDAA တပ်ဖွဲ့ဝင်များက စီစဥ်နေပြီး MNDAA ၏ ညီနောင်မဟာမိတ်အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်မည်ဟု သိရသည်၊

https://burma.irrawaddy.com/article/2022/02/17/249995.html

------------------------------------------------------------------------------------------------------------